

# မူးယစ်ဆေးဝါး
# အစီရင်ခံစာ



မူးယစ်ဆေးဝါး အချက်အလက်ရှာဖွေရေးကော်မရှင်

ကချင်ပြည်နယ် နှင့် Kachin Sub-State

၂၀၂၂ - ၂၀၂၃

မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကော်မတီ၊ ကေအိုင်အို

မူးယစ်ဆေးဝါး အချက်အလက်ရှာဖွေရေး ကော်မရှင်

ကချင်ပြည်နယ် နှင့် Kachin Sub-State

**၂၀၂၂ - ၂၀၂၃**

# ဘိန်းနှင့် မူးယစ်ဆေးဝါး ပြဿနာ သုတေသန စာတမ်း

**မူးယစ်ဆေးဝါးတိုက်ဖျက်ရေး ကော်မတီ၊ ကေအိုင်အို**

# မာတိကာ


အတိုကောက် အဓိပ္ပါယ်....4

အစီရင်ခံစာ အကျဉ်းချုပ်....5

နိဒါန်း နှင့် သုတေသန ရည်ရွယ်ချက်....8

သမိုင်းနောက်ခံအကျဉ်း....9

လုပ်ငန်းခွင်နယ်ပယ်နှင့် အကန့်အသတ်များ....12

သုတေသနပြုနယ်မြေပြ မြေပုံ (၂၀၂၂-၂၀၂၃)....13

အသုံးပြုသည့် သုတေသနနည်းစနစ်များ....14

လေ့လာတွေ့ရှိချက်များ....21

၁။ ဘိန်းစိုက်ပျိုးမှု....21

၂။ ဘိန်းဖြူ ထုတ်လုပ်မှု....33

၃။ ဘိန်း သယ်ဆောင်ဖြန့်ဖြူးခြင်း....42

၄။ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်း....48

၅။ မူးယစ်ဆေးဝါးသုံးစွဲမှု....52

၆။ မူးယစ်ဆေးဝါးအသုံးပြုခြင်း....56

၇။ မူးယစ်ဆေးဝါးပြဿနာ လျှော့ချခြင်းလုပ်ငန်းများ....57

ခြုံငုံသုံးသပ်ချက် နှင့် ကောက်ချက်....58

အကြံပြုတိုက်တွန်းချက်....59

## ဝေါဟာရ အတိုကောက်များ

| | |
|---|---|
| AIDS | - ခုခံအားကျဆင်းမှုရောဂါ |
| MSF | - နယ်စည်းမထား ဆရာဝန်များအဖွဲ့ (ဟော်လန်) |
| BGF | - နယ်ခြားစောင့်တပ်ဖွဲ့ |
| CSOs | - အရပ်ဘက် လူမှုအဖွဲ့အစည်းများ |
| DIFC | - မူးယစ်ဆေးဝါးပြဿနာ အချက်အလက် ရှာဖွေရေးကော်မရှင် |
| E | - Ecstasy စိတ်ကြွမူးယစ်ဆေး |
| EAOs | - တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ |
| HIV | - ခုခံအားကျဗိုင်းရပ်(စ်) |
| INGOs | - အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ |
| KII | - အဓိက သတင်းအချက်အလက် ပေးသူနှင့်မေးဖြေ |
| KIA | - ကချင်လွတ်လပ်ရေးတပ်မတော် |
| KIO | - ကချင်လွတ်လပ်ရေးအဖွဲ့ |
| KBC | - ကချင်နှစ်ခြင်းခရစ်ယာန်အဖွဲ့ချုပ် |
| K | - Ketamine စိတ်ကြွမူးယစ်ဆေး |
| PDF | - ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ |
| ပြည်သူ့စစ် | - ပြည်သူ့စစ်တပ်ဖွဲ့ |
| PJS | - လူထုအခြေပြု မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအဖွဲ့(Pat Jasan) |
| SAC | - နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ (နစက) |
| TNLA | - ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး |
| UN | - ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ |
| UNODC | - ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးနှင့် ရာဇဝတ်မှုဆိုင်ရာအေဂျင်စီ |

# အစီရင်ခံစာ အကျဉ်းချုပ်

ဤစာတမ်းသည် DIFC ၏ ၂၀၂၂-၂၀၂၃ နှစ်အတောအတွင်း ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း Kachin Sub-State ဒေသတို့ကို အဓိကထားပြီး Kachin Sub-State နှင့် ထိစပ်လျက်ရှိသော မြို့နယ်များ အပါအဝင် ဘိန်းနှင့် မူးယစ်ဆေးဝါး အခြေအနေများအား လေ့လာတွေ့ရှိချက်များကို သုတေသန ပြုထားခြင်းဖြစ်သည်။ ကွင်းဆင်းသုတေသနလုပ်ငန်းကို ၂၀၂၃ မတ်လမှ ဩဂုတ်လအတွင်း၊ နယ်မြေ ၈ နေရာတွင် သုတေသနအဖွဲ့ ၇ ဖွဲ့ဖြင့် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှုနှင့် မူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးခြင်းတို့ကို အဓိက လေ့လာခဲ့ခြင်းဖြစ်သည်။

**လေ့လာတွေ့ရှိရသည်များမှာ အောက်ပါအတိုင်းဖြစ်သည်။**

- ၂၀၂၂-၂၀၂၃ ဘိန်းစိုက်ပျိုးရာသီအတွင်း ဘိန်းစိုက်ခင်း ၁၁,၃၀၃.၁၄ ဟက်တာရှိသည့်အနက် ကချင်ပြည်နယ်တွင် ၄,၁၀၈.၅၃ ဟက်တာနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ၇,၁၉၄.၆၁ ဟက်တာ တွေ့ရှိရသည်။
- ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ စုစုပေါင်း ဘိန်းစိုက်ခင်း ၁၃,၅၉၉.၉၃ ဟက်တာ ရှိခဲ့ရာ၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ခင်း ၉% ကျဆင်းသွားသည်ကို တွေ့ရှိရသည်။
- ၂၀၂၂-၂၀၂၃ နှစ်တွင် ပူတာအို၊ ဆွမ်ပရာဘွမ်၊ တနိုင်း နှင့် ဝိုင်းမော်မြို့နယ်များအတွင်း ဘိန်းစိုက်ခင်း ၄,၁၀၈.၅၃ ဟက်တာရှိရာ ၂၀၁၉-၂၀၂၀ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၂% ကျဆင်းသွားသည်။ ပူတာအို၊ ဆွမ်ပရာဘွမ် နှင့် တနိုင်းမြို့နယ်အချို့တို့တွင် ကေအိုင်အိုမှ နှစ်စဉ်နှစ်တိုင်း ဘိန်းခင်း ဖျက်ဆီး ရှင်းလင်းမှုများ ပြုလုပ်ခြင်းကြောင့် ဘိန်းခင်းများစိုက်ပျိုးမှု ကျဆင်းသွားခြင်းဖြစ်သည်။
- ဘိန်းစိုက်ခင်းများအားလုံးသည် တပ်မတော်တပ်ဖွဲ့များ နှင့် တပ်မတော်၏ ကွပ်ကဲမှု လက်အောက်တွင်ရှိသော BGF နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ထိန်းချုပ်ရာနယ်မြေများအတွင်းတွင်သာ တည်ရှိသော်လည်း UNODC ၏ ၂၀၂၁-၂၀၂၂ ထုတ်ဝေသော Myanmar Opium Survey 2023 စာတမ်းတွင်ပါရှိသော ဘိန်းစိုက်ပျိုးမြေပုံတွင် KIO အပါအဝင် EAO များ ထိန်းချုပ်ရာနယ်မြေတွင် ဘိန်းစိုက်ပျိုးမှု အများဆုံးအဖြစ်ဖော်ပြခဲ့သည်။
- ကချင်ပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုအများဆုံးမှာ ဝိုင်းမော်မြို့နယ်အရှေ့ဖက်ရှိ ဆဒုံး နှင့် ကန်ပိုင်တီဒေသများတွင် ဘိန်းခင်း ၃,၄၀၄.၇၅ ဟက်တာ ရှိသည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ စိုက်ပျိုးရာသီနှင့်နှိုင်းယှဉ်ပါက ၁၉၆၃.၄၈ ဟက်တာ ကျဆင်းသွားသည်ကို တွေ့ရှိရသည်။ ထိုဒေသ

များသည် BGF တပ်ရင်း ၁၀၀၂၊ တပ်ရင်း ၁၀၀၃၊ ပြည်သူ့စစ်များ၊ တပ်မတော်၏ ဆဒ်ုး နှင့် ပန်ဝါ ဗျူဟာမှ တိုက်ရိုက်အုပ်ချုပ်သည့် နယ်မြေများဖြစ်သည်။

- ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဘိန်းစိုက်ပျိုးရာ နယ်မြေများမှာ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကွမ်လုံ၊ လားရှိုး၊ နှင့် တန့်ယန်း မြို့နယ်များဖြစ်ပြီး စုစုပေါင်း ဘိန်းစိုက်ခင်း ၇,၁၉၄.၆၁ ဟက်တာရှိသည်။ ဘိန်းစိုက်နယ်မြေများမှာ ပန်းဆေး၊ ကောင်းခါး၊ လုံထန်၊ ရှောင်ဟော့၊ မုံးစီး၊ တန့်ယန်း စသည့်ဒေသခံ ပြည်သူ့စစ်တပ်ဖွဲ့များ နှင့် ကွမ်လုံအထူးတိုက်ခိုက်ရေး ရဲတပ်ဖွဲ့အပြင် အခြားဒေသခံ ပြည်သူ့စစ်အဖွဲ့များ ထိန်းချုပ်ရာနယ်မြေများဖြစ်သည်။ ထိုဒေသများသည် မြန်မာ့တပ်မတော် တပ်မမှ တိုက်ရိုက် အုပ်ချုပ်မှုအောက်တွင်ရှိသည်။
- စုံစမ်းတွေ့ရှိခဲ့သော ဘိန်းဖြူထုတ်လုပ်ရာ စခန်းများမှာ ၁) နမ့်ခမ်းတိုက်နယ် လွယ်မောက်ရွာဟောင်းအနီး နော်ရာဘွမ် တောင်ကြော၊ ၂) မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ် နယ်နိမိတ် ထိစပ်ရာ မန်ဆီချိုင့်ရှိ နောင်တောင်းကွင်းဝန်းကျင်၊ ၃) မူဆယ်မြို့နယ် နှင့် ကွတ်ခိုင်မြို့နယ် နယ်နိမိတ် ထိစပ်ရာ ဟူမွေရွာနှင့် လွိုင်မော်ရွာဟောင်းဝန်းကျင်၊ ၄) မူဆယ်မြို့နယ် နှင့် ကွတ်ခိုင်မြို့နယ် နယ်နိမိတ် ကျောင်းခမ်းရွာအနီး၊ ၅) ကွတ်ခိုင်မြို့နယ် မန်နွယ်ကျေးရွာဝန်းကျင်၊ ၆) ကွတ်ခိုင်မြို့နယ် မန့်ပိန်းရွာ နှင့် ကျောင်ဟုန်ကျိုင်ကျေးရွာ ဝန်းကျင်၊ ၇) ကွတ်ခိုင်မြို့နယ် ကျောင်းခမ်းကျေးရွာအနီးတဝိုက်၊ ၈) မန်တုံမြို့နယ် နှင့် နမ္မတူမြို့နယ် နယ်နိမိတ် ဆိုင်းခေါင်တောင်ကြော မန်ဖွီရွာဟောင်းနှင့် ဘန်ကန် ရွာဟောင်း အနီးတဝိုက်တွင် တည်ရှိသည်။
- ဘိန်းဖြူထုတ်လုပ်မှုကို အဓိကဦးဆောင်သူများမှာ လုံထန်ပြည်သူ့စစ် နှင့် ရှောင်ဟော့ပြည်သူ့စစ် တပ်ဖွဲ့များ၏ ခေါင်းဆောင်များဖြစ်ကြသော ဦးဟော့လောဝ်ဖန်း နှင့် ဦးချင်ဖါ့ တို့ဖြစ်ပြီး စစ်ကောင်စီတပ်ဖွဲ့များကို လာဘ်ငွေပေးကာ လုပ်ဆောင်ခြင်းဖြစ်ပြီး တိုင်းရင်းသားလက်နက်ကိုင် အချို့အဖွဲ့များလည်း ပါဝင်ပတ်သက်နေသည်ကို လေ့လာတွေ့ရှိသည်။
- ကချင်ပြည်နယ်သို့ ဘိန်းဖြူနှင့် ယာမအများဆုံး တင်သွင်းသည့်လမ်းကြောင်းသည် မူဆယ် - နမ့်ခမ်း - ဗန်းမော် - ကသာ လမ်းကြောင်း သို့မဟုတ် မူဆယ် - ကွတ်ခိုင် - လားရှိုး - မန္တလေး - မိုးညှင်း လမ်းကြောင်းတို့ဖြစ်သည်။
- တရုတ်ပြည်သို့ ဘိန်းဖြူ နှင့် မူးယစ်ဆေးဝါး အဓိကသယ်ဆောင်သည့် လမ်းကြောင်းများမှာ ပန်းဆေး - နမ့်ခမ်း၊ မုံးကိုး၊ ဖေါင်းဆိုင်၊ ပန်ဆိုင်း၊ မူဆယ်၊ ကွမ်လုံ - ချင်းရွှေဟော်၊ လောက်ကိုင် လမ်းကြောင်းတို့ဖြစ်သည်။
- ဘိန်းစိုက်ပျိုးခြင်း နှင့် မူးယစ်ဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးခြင်းလုပ်ငန်းများကို ပြည်သူ့စစ်တပ်ဖွဲ့များ၊ စစ်ကောင်စီတပ်ဖွဲ့များ နှင့် ရဲတပ်ဖွဲ့များကို လာဘ်ငွေပေးကမ်းပြီး လုပ်ဆောင်ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲသူများ နှင့် အနည်းအကျဉ်း ရောင်းဝယ်သူများသာ ဖမ်းဆီးထိန်းသိမ်းခံရပြီး မှောင်ခိုလုပ်ငန်းရှင်ကြီးများနှင့် လက်ကား ရောင်းဝယ်ဖေါက်ကားသူများကို ဖမ်းဆီးရမိသည်မှာ မရှိသလောက်ပင် ဖြစ်သည်။

- နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ(နစက) အကျဉ်းထောင်များတွင်လည်း မူးယစ်ဆေးဝါးကို အလွယ်တကူ ဝယ်ယူရရှိနိုင်သည်။ ရဲတပ်ဖွဲ့ဝင်များနှင့် အကျဉ်းထောင်ဝန်ထမ်းများမှ မူးယစ်ဆေးဝါးများကို ထောင်အတွင်းသို့ မှောင်ခို တင်သွင်းရောင်းချကြသည်။ အကျဉ်းထောင်များအတွင်း မူးယစ်ဆေးဝါး ဈေးနှုန်းသည် ပြင်ပပေါက်ဈေးထက် နှစ်ဆခန့်ရှိသည်။
- ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ယူဖြန့်ဖြူးခြင်းများကို လွတ်လပ်စွာ လုပ်ဆောင်ကြပြီး တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာကာ ဈေးနှုန်းသက်သာစွာ အလွယ်တကူ ဝယ်ယူရရှိသည့်အတွက် မူးယစ်ဆေးဝါး ကင်းစင်ပပျောက်ရန် ပိုမိုခက်ခဲလာသည်။
- ၂၀၂၁ ခုနှစ် တပ်မတော်မှ နိုင်ငံတော်အာဏာ သိမ်းယူခဲ့ပြီးနောက်ပိုင်း မူးယစ်ဆေးဝါးကို ပိုမိုလွတ်လပ်စွာ စိုက်ပျိုးထုတ်လုပ်လာနိုင်ကာ ဖေါဖေါသီသီ သုံးစွဲလာနိုင်သောကြောင့် မြို့ပြ ကျေးရွာအနှံ့၊ ကျောက်စိမ်းမှော်၊ ရွှေမှော်များရှိ KTV၊ Nightclub အသီးသီးတွင် K၊ E၊ Happy-water အစရှိသည့် တန်ဖိုးမြင့်မူးယစ်ဆေးဝါးများမှအစ မူးယစ်ဆေးဝါးအမျိုးမျိုးကို လူငယ်များသုံးစွဲမှု တစ်နေ့ထက်တစ်နေ့ ပိုမို များပြားလာနေသည်။
- မူးယစ်ဆေးဝါးကို အမြစ်ပြတ်ချေမှုန်းနိုင်ရန် မြန်မာနိုင်ငံအစိုးရမှ ဥပဒေစိုးမိုးမှု၊ လွှမ်းခြုံနိုင်မှုရှိရန် ထိထိရောက်ရောက် အကောင်အထည်ဖေါ်ဆောင်ရမည်။ မူးယစ်ဆေးဝါးလုပ်ငန်းများမှ အဂတိ လိုက်စားပြီး ကိုယ်ကျိုးရှာနေသော အစိုးရဌာနဆိုင်ရာ ဝန်ထမ်းများကိုလည်း ပြင်းပြင်းထန်ထန် အရေးယူရမည်။ မူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကို အကာအကွယ်ပေးနေသော စစ်ကောင်စီတပ်ဖွဲ့ များ BGF နှင့် ပြည်သူ့စစ်တပ်ဖွဲ့များကို ရုပ်သိမ်းလိုက်ရမည်။
- မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို အားတက်သရော ဆောင်ရွက်နေသော လူထုအခြေပြု မူယစ်ဆေးဝါး တိုက်ဖျက်ရေးအဖွဲ့အစည်းများကို မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေးလိုအပ်သည်များကို နိုင်ငံတော်အစိုးရမှ ပံ့ပိုးပေးရမည်။
- UNODC ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများသည်လည်း နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ (နစက) ၏ အုပ်ချုပ်မှုလက်အောက်တွင် ဖြစ်ပေါ်နေသော မူးယစ်ဆေးဝါးပြဿနာများကို ပကတိ အရှိအတိုင်း ရှုမြင်နိုင်ရန် လွတ်လပ်စွာနှင့် နက်နက်ရှိုင်းရှိုင်း လေ့လာစုံစမ်းပြီး နိုင်ငံတော်စီမံခန့်ခွဲရေး ကောင်စီ (နစက) အား သတိပေးခြင်း၊ အရေးယူခြင်းများ ပြုလုပ်သင့်ပါသည်။

# နိဒါန်း နှင့် သုတေသန ရည်ရွယ်ချက်

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့ တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူကာ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ (နစက)ကို ဖွဲ့စည်းပြီး အုပ်ချုပ်လာသည်မှာ ဤစာတမ်းကို ပြုစုနေချိန်တွင် ၂ နှစ် နှင့် ၈ လ သက်တမ်းရှိခဲ့ပြီးဖြစ်သည်။ ဤသို့ တပ်မတော်မှ နိုင်ငံတော်ကို အုပ်ချုပ်နေသည့် ၂ နှစ်ကျော် ကာလအတွင်း မူးယစ်ဆေးဝါး ပိုမိုပေါများလာပြီး ယခင်က မရှိခဲ့ဖူးသော happy-water၊ ketamine၊ ecstasy အစရှိသည့် တန်ဖိုးမြင့် မူးယစ်ဆေးဝါးများသည်လည်း လူငယ်များအကြား ကျယ်ပြန့်စွာ သုံးစွဲလာနေသည်ကို တွေ့ရှိရသည်။ ဤစာတမ်းသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖောက်ကားမှု၊ သုံးစွဲမှု ဖြစ်စဉ်များကို အဓိက စုံစမ်းလေ့လာထားသည့် သုတေသနစာတမ်းဖြစ်သည်။

၂၀၂၁ ဖေဖော်ဝါရီ ၁ ရက် တပ်မတော်မှ အာဏာသိမ်းပြီးနောက်ပိုင်း မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်လျက်ရှိသော မူးယစ်ဆေးဝါးနှင့် ဆက်စပ်သည့်အဖြစ်အပျက်၊ ပြဿနာအရပ်ရပ်ကို နိုင်ငံသားများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ သိရှိနားလည်နိုင်ရန် နှင့် တပ်မတော်မှ ထိန်းချုပ်ကွပ်ကဲသော BGF၊ ပြည်သူ့စစ်၊ နှင့် မူးယစ်ရာဇာများတို့အကြား ဆက်စပ်မှု၊ ဆက်နွယ်မှုများကို မီးမောင်းထိုးပြနိုင်ရန် ရည်ရွယ်ပြီး ဤအစီရင်ခံစာကို ပြုစုခြင်းဖြစ်သည်။

ဘိန်းနှင့် မူးယစ်ဆေးဝါးပြဿနာများကို စုံစမ်းဖော်ထုတ်နိုင်ရန် ကေအိုင်အိုဗဟိုမူးယစ်ဆေးဝါး တိုက်ဖျက်ရေးကော်မီတီမှ DIFC – Drug Issue Fact-Finding Commission (မူးယစ်ဆေးဝါးပြဿနာ အချက်အလက် ရှာဖွေရေးကော်မရှင်) ကို ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီး ဘိန်းနှင့် မူးယစ်ဆေးဝါး ကိစ္စရပ်များကို အစဉ်တစိုက် စုံစမ်းဖော်ထုတ်လျှက်ရှိပြီး DIFC မှ ၂၀၂၂ ဖေဖော်ဝါရီ လမှ ၂၀၂၃ ဩဂုတ်လ အတွင်း ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖေါက်ကား သုံးစွဲမှုတို့ကို လေ့လာစုံစမ်းဖေါ်ထုတ်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလ မှ ဩဂုတ်လအတွင်း သတင်းအချက်အလက်စုဆောင်း ရယူခဲ့သည်။ စုဆောင်းရရှိခဲ့သော သတင်းအချက်အလက်များကို ၂၀၂၃ ခုနှစ် စက်တင်ဘာ မှ အောက်တိုဘာလအတွင်း လေ့လာသုံးသပ်ခြင်း၊ ဆန်းစစ်ခြင်း နှင့် အစီရင်ခံစာ ရေးသားခြင်း ပြုလုပ်ခဲ့ကြသည်။

DIFC၏ ဤစာတမ်းတွင် ဘိန်းစိုက်ခင်း ဟက်တာပေါင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရောင်းဝယ်ဖေါက်ကားခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ နှင့် တပ်မတော်၊ ပြည်သူ့ရဲ၊ BGF နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ပတ်သက်ဆက်နွယ်မှုများအကြောင်း၊ နှင့် တရားဥပဒေစိုးမိုးမှု အကောင်အထည်ဖေါ်ခြင်းများအကြောင်းကို လေ့လာစုံစမ်းကာ တင်ပြထားပါသည်။

# သမိုင်းနောက်ခံအကျဉ်း

ကေအိုင်အိုအနေဖြင့် ၁၉၆၄ ခုနှစ်မှစ၍ ဘိန်းနှင့် မူးယစ်ဆေးဝါးကို ပိတ်ပင်သည့်ပေါ်လစီ ချမှတ်ထားပြီး ဖြစ်သည်။ ကချင်ဒေသအတွင်းတွင် ၁၉၇၀ ခုနှစ်ခန့်မှ စတင်ကာ ဘိန်းစိုက်ပျိုးခြင်းနှင့် ဘိန်းကုန်သွယ်ခြင်းများ ပိုမိုများပြားလာခဲ့သည်။ ၁၉၈၀ ပြည့်ဝန်းကျင်ခန့်မှ စတင်ကာ ဘိန်းဖြူ (နံပါတ် 4) သုံးစွဲသူ များပြားလာခဲ့သည်။ ရွှေမော်၊ ကျောက်စိမ်းမော် ဒေသများတွင် ဘိန်းဖြူရှူရှိုက်သူ၊ ထိုးသွင်းသုံးစွဲသူ အဆမတန်များပြားလာကြသည်။

ထိုသို့ မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုကြောင့် လူငယ်များ ပညာရေးဆုံးခန်းတိုင် မသင်ကြားဘဲ ပညာမဲ့ခြင်း၊ အသက်မွေးဝမ်းကြောင်း အလုပ်အကိုင်မရှိခြင်း၊ ဥစ္စာဓနဆုံးရှုံးခြင်း၊ ဆင်းရဲနွမ်းပါးခြင်း၊ မိသားစုပြိုကွဲခြင်း၊ ကူးစက်ရောဂါများကူးစက်ကာ မိသားစုဝင်များ အသက်ဆုံးရှုံးခြင်းစသည့် ဆိုးဝါးသည့် အကျိုးဆက်များ ဖြစ်ပွားခဲ့သည်။ မြို့ရွာများတွင် လူငယ်လူရွယ်များ သေဆုံးမှု များပြားလာသောကြောင့် လူဦးရေတိုးပွားမှု လျော့နည်းလာခဲ့သည်။ ဖမ်းဆီးချုပ်နှောင်ခံရသူများလာသဖြင့် ရပ်ရွာအရေးဆောင်ရွက်မည့်သူ နည်းပါးလာသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးတိုက်ဖျက်ခြင်းကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လာရသည်။ ဤသို့ဖြင့် ၁၉၈၈ ခုနှစ်မှ စတင်ကာ ဘိန်းဖြူတိုက်ဖျက်ရေးစီမံကိန်းကို အားသွန်ခွန်စိုက် ဆောင်ရွက်လာသည်။

၁၉၉၁ ခုနှစ် ဧပြီလ ၁၅ ရက်တွင် ကချင်လွတ်လပ်ရေးကောင်စီ (ကေအိုင်စီ) က ဘိန်းစိုက်ပျိုးမှုကို ပိတ်ပင်ကာ Opium Free State အထူးအမိန့်ကို ထုတ်ပြန်ခဲ့သည်။ ထို့နောက် ဘိန်းနှင့် မူးယစ်ဆေးဝါး သယ်ယူပို့ဆောင် ရောင်းဝယ်ဖေါက်ကားမှုကို တားမြစ်ပိတ်ပင်သည့် အမိန့်ကို ၁၉၉၁ ခုနှစ် အောက်တိုဘာလ ၁၅ ရက်တွင် ထုတ်ပြန်ခဲ့သည်။ သို့သော်လည်း မူးယစ်ဆေးဝါးများ အဆမတန်ပေါ်များနေဆဲဖြစ်သောကြောင့် ၁၉၉၃ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့တွင် ဘိန်းနှင့် မူးယစ်ဆေးဝါ တိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းကာ အားသွန်ခွန်စိုက် ဆောင်ရွက်လာခဲ့သည်။ ထိုကော်မတီမှ ဘိန်းနှင့် မူးယစ်ဆေးဝါးအားလုံးကို လုံးဝတားမြစ်ပိတ်ပင်သည်ဖြစ်ကြောင်း လမ်းညွှန်းချက်၊ ပညာပေးစာစောင်၊ ကြော်ငြာစာ၊ ဝေစာများ ထုတ်ဝေဖြန့်ဖြူးပြီး ပညာပေးလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်။ ကော်မတီအဖွဲ့ကိုလည်း ဗဟို၊ တိုင်း၊ ခရိုင်၊ မြို့နယ်၊ တိုက်နယ် အဆင့်တိုင်းတွင် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ အရပ်သားလူထုနှင့် ကေအိုင်အိုဝန်ထမ်းများအတွင်း ပညာပေးဟောပြောမှုများ၊ စုံစမ်းစစ်ဆေး အရေးယူမှုများ၊ ဖမ်းဆီးထိန်းသိမ်းခြင်းများ၊ ပြစ်ဒဏ်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲသူများအတွက် ပြန်လည်ထူထောင်ရေးစခန်းများကို ခရိုင်အဆင့်ထိ ဖွင့်လှစ်ခဲ့သည်။

ထို့အပြင် ၁၉၉၃ ခုနှစ် အောက်တိုဘာ ၂၅ ရက်နေ့တွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး အရေးယူသည့် ဥပဒေအမိန့်ကို ပြဋ္ဌာန်းခဲ့သည်။ ထို ဥပဒေအမိန့်မှာ ဘိန်း နှင့် မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရောင်းဝယ် ဖေါက်ကားသူ၊ စိုက်ပျိုးထုတ်လုပ်သူ၊ သယ်ယူပို့ဆောင်သူအားလုံးကို ပြစ်ဒဏ်ပေး အရေးယူသည့်ဥပဒေ ပင် ဖြစ်သည်။ ယင်း ဥပဒေကို ကာလံဒေသံ ကိုက်ညီအောင် ၃ ကြိမ်တိုင် ပြင်ဆင်ကာ ကျင်သုံးနေဆဲဖြစ်သည်။ ထိုကဲ့သို့ ပေါ်လစီအခိုင်အမာချမှတ်ကာ အကောင်အထည်ဖေါ်ခဲ့သောကြောင့် ကေအိုင်အို ထိန်းချုပ်ရာ ဒေသများတွင် ဘိန်းစိုက်ပျိုးသူ၊ ရောင်းဝယ်ဖေါက်ကားသူ၊ သုံးစွဲသူ အလွန်နည်းပါးသွားခဲ့သည်။

၁၉၉၄ ခုနှစ် ဖေဖေါ်ဝါရီလ ၂၄ ရက်နေ့ ကေအိုင်အိုနှင့်စစ်အစိုးရ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး ကောင်စီ) တို့ အပစ်အခတ်ရပ်စဲရေးစာချုပ် ချုပ်ဆိုခဲ့ပြီးနောက် ကုန်သွယ်စီးပွားလမ်းကြောင်း ပွင့်လင်း လာကာ ဒေသအတွင်း လူဝင်လူထွက် များပြားလာသည်။ ထို့အပြင် မြန်မာအစိုးရနှင့် အုပ်ချုပ်ရေးယန္တရား ရောယှက်နေသည့် အခြေအနေဖြစ်ကာ တရားဥပဒေစိုးမိုးမှု ဆောင်ရွက်ရန် ခက်ခဲလာသည့်အချိန်တွင် မူးယစ်ဆေးဝါးမျိုးစုံ တစ်စခန်း ထလာပြန်သည်။ ရပ်ရွာလူထုနှင့် ကေအိုင်အို ဝန်ထမ်းများတွင်လည်း မူးယစ်ဆေးဝါးသုံးစွဲသူ တစ်ဖန်ပြန်လည် တိုးပွားလာသည်။ ထို့ကြောင့် ကေအိုင်အေ တပ်ဖွဲ့အင်အားကို အသုံးပြုပြီး ဘိန်းခင်းဖျက်ဆီးခြင်း၊ မူးယစ်ဆေးစွဲမှုဖြတ်ခြင်းတို့ကို စီမံကိန်းကြီးချမှတ်ကာ အကောင် အထည် ဖေါ်ဆောင်ခဲ့သည်။ ထို့အပြင် လူထုအကျိုးစီးပွားအတွက် အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှင့် လက်တွဲကာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး နှင့် ဘိန်းအစာထိုးသီးနှံ စီမံကိန်းကိုလည်း ဆောင်ရွက် ခဲ့သည်။

မည်သို့ပင်ဖြစ်စေ မူးယစ်ဆေးဝါးပြဿနာ ဆက်လက်တိုးပွားမြဲဖြစ်လေရာ ၂၀၁၀ ခုနှစ် အောက်တိုဘာ ၁ ရက်နေ့တွင် ကေအိုင်အို ဗဟိုမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နင်းရေး ကော်မီတီကို ထပ်မံ ဖွဲ့စည်းကာ အရှိန် အဟုန် မြင့်တင်လုပ်ဆောင်ခဲ့သည်။ ၂၀၁၁ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် မြန်မာ့တပ်မတော် နှင့် ကေအိုင်အေ အကြား တိုက်ပွဲ တကျော့ပြန်ဖြစ်ပွားလာပြီးနောက် ကေအိုင်အို ထိန်းချုပ်နယ်မြေအတွင်းတွင် မူးယစ် ဆေးဝါး တိုက်ဖျက်နှိမ်နင်းရေးကို အပြည့်အဝ လုပ်ဆောင်နိုင်ခဲ့သော်လည်း မြန်မာ့တပ်မတော်မှ သိမ်းပိုက် အုပ်ချုပ်သော နယ်မြေများနှင့် မြို့ပြများတွင်မူ မူးယစ်ဆေးဝါးပြဿနာ ပိုမိုကြီးမားလာသည့်အပြင် ဘိန်း စိုက်ပျိုးမှု၊ ဘိန်းဖြူ နှင့် ယာမထုတ်လုပ်မှု၊ မူးယစ်ဆေးဝါး ရောင်းဝယ်ဖေါက်ကားမှုများ အဆမတန် မြင့်တက်လာခဲ့သည်။

ထို့ကြောင့် ကချင်လူထုကြား မူးယစ်ဆေးဝါးပြဿနာကို ဖြေရှင်းနိုင်ရန် လူငယ်ညီလာခံကြီးကို ၂၀၁၃ ခုနှစ် ဇွန်လ ၂၃-၂၄ ရက်များတွင် ကျင်းပခဲ့ကြပြီး သဘောထားအမြင်များစုဆောင်းခြင်း၊ နည်းလမ်းရှာဖွေခြင်းများ ပြုလုပ်ကာ ကချင်တမျိုးသားလုံးဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကော်မတီကို ဖွဲ့စည်းရန်၊

တမျိုးသားလုံး ပါဝင်ရန် စသည့် သဘောတူချက်များရယူကာ မူးယစ်ဆေးဝါးကို တိုက်ဖျက်ရန် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထို့နောက် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ဘာသာရေး ခေါင်းဆောင်များ၊ ကချင်လူမှုအဖွဲ့အစည်းခေါင်းဆောင်များစုရုံးပြီး အကြံပြုဆွေးနွေးပွဲပြုလုပ်ကာ ဧပြီလ ၁၇ ရက်နေ့တွင် ကချင်အမျိုးသား မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းကို ချမှတ်ပြီး စီမံကိန်းကွပ်ကဲမှုကော်မတီကိုလည်း ဖွဲ့စည်းခဲ့သည်။ စီမံကိန်းကွပ်ကဲမှုကော်မတီမှ ဦးဆောင်ပြီး လူထုအမြင်ဖွင့်လုပ်ငန်းများ လုပ်ဆောင်ခြင်း၊ မူးယစ်ဆေးဖြတ်ပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ရောင်းဝယ်ဖေါက်ကား သယ်ယူဖြန့်ဖြူးသူများအား ဖမ်းဆီးအရေးယူခြင်း၊ ဘိန်းခင်းများဖျက်ဆီးခြင်း လုပ်ငန်းများကို တက်ကြွစွာ လုပ်ဆောင်ခဲ့ကြသည်။

ထို့အပြင် ကချင်အမျိုးသားမူးယစ်ဆေးဝါးတိုက်ဖျက်နှိမ်နှင်းရေး စီမံကိန်းကွပ်ကဲမှုကော်မတီသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်း ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ယူဖြန့်ဖြူးမှု၊ ရောင်းဝယ်ဖေါက်ကားမှု နှင့် မူးယစ်ဆေးဝါး သုံးစွဲမှုအခြေအနေ အကြောင်းအရာများကို လေ့လာစုံစမ်းဖေါ်ထုတ်နိုင်ရန် မူးယစ်ဆေးဝါးပြဿနာ အချက်အလက် ရှာဖွေရေးကော်မရှင် (DIFC) ကိုလည်းဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

## လုပ်ငန်းခွင် နယ်ပယ် နှင့် အကန့် အသတ်များ

DIFC မှ မူးယစ်ဆေးဝါး အခြေအနေ အကြောင်းအရာများ လေ့လာစုံစမ်းသည့် ကာလမှာ မြန်မာ့ တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူထားသည့် အချိန်ဖြစ်သည့်အလျောက် ဘိန်းစိုက်ခင်း အကျယ်အဝန်း စာရင်းပြုစုခြင်း၊ case-study interview ပြုလုပ်ခြင်းများတွင် စစ်ရေးအခြေအနေကြောင့် ခရီးသွားလာရန်နှင့် လူတွေ့မေးမြန်းရန် အခက်အခဲများစွာ ရှိခဲ့သည်။

DIFC မှ မူးယစ်ဆေးဝါး အခြေအနေအကြောင်းအရာများ စားရင်းပြုစု စစ်တမ်းကောက်ယူခဲ့သည့် မြို့နယ်များမှာ ကချင်ပြည်နယ်တွင် မချမ်းဘော၊ ပူတာအို၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ မြစ်ကြီးနား၊ မိုးကောင်း၊ မိုးညှင်း၊ ဖားကန့်၊ တနိုင်း၊ ဝိုင်းမော်၊ ချီဖွေ၊ မိုးမောက်၊ ဗန်းမော်၊ မန်စီ နှင့် ရွှေကူမြို့နယ်များဖြစ်ပြီး ရှမ်းပြည်နယ် မြောက်ပိုင်း ဒေသတွင် မန်တုံ၊ မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ နမ့်ခမ်း၊ သိန္နီ၊ ကွမ်လုံ၊ တန့်ယန်း မြို့နယ်များ ဖြစ်သည်။

ဘိန်း စိုက်ပျိုးမှု အချက်အလက်များ စုံစမ်းလေ့လာရန် ကချင်ပြည်နယ်အတွင်းရှိ ပူတာအို၊ ဆွမ်ပရာဘွမ်၊ တနိုင်းနှင့် ဝိုင်းမော်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ နမ့်ခမ်း၊ ကွတ်ခိုင်၊ ကွမ်လုံ၊ လားရှိုးနှင့် တန့်ယန်းမြို့နယ်များကို ရွေးချယ်ခဲ့သည်။

DIFC ၏ ၂၀၂၂-၂၀၂၃ ခုနှစ် ကချင်ပြည်နယ်အတွင်းရှိ ဘိန်းစိုက်ခင်း အကျယ်အဝန်း စာရင်းပြုစုရာတွင် အမှတ် ၁၀၀၁ BGF တပ်ရင်းအုပ်ချုပ်သည့် ချီဖွေမြို့နယ်အတွင်းရှိ ဘိန်းခင်းများကို လုံခြုံရေးအခြေအနေကြောင့် ထိရောက်စွာ စာရင်းပြုစုနိုင်ခြင်း မရှိခဲ့ပေ။ ထို့နည်းတူ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ပြည်သူ့စစ်တပ်ဖွဲ့များ ထိန်းချုပ်ထားသော မူဆယ်နှင့် တန့်ယန်းမြို့နယ်အတွင်းရှိ အချို့ အစိတ်အပိုင်းများတွင် ထိရောက်စွာ မပြုလုပ်နိုင်ခဲ့ပေ။




*မြေပုံ ၁။ ၂၀၂၂-၂၀၂၃ ကွင်းဆင်း သုတေသနပြု နယ်မြေပြ မြေပုံ*

# အသုံးပြုသည့် သုတေသနနည်းစံနစ်များ

## ၁. ၁။ သုတေသနပြုပုံ

စစ်တမ်းကောက်ယူခြင်း ပြုလုပ်နိုင်ရန် ၂၀၂၃ ခုနှစ် မတ်လ (၅-၁၀) ရက်အတွင်း စီမံကိန်းကွပ်ကဲမှု ကော်မတီ နှင့် အကြံပေးပုဂ္ဂိုလ်များပါဝင်ပြီး စီမံကိန်းရေးဆွဲမှု အစည်းအဝေးကို ကျင်းပခဲ့သည်။ ထို အစည်းအဝေးတွင် သုတေသနနည်းစနစ်၊ သုတေသနပုံစံချခြင်း၊ စစ်တမ်းပြုမေးခွန်းလွှာပြုစုခြင်း အလုပ်ရုံဆွေးနွေးပွဲများ လည်း ပါဝင်သည်။ ကွင်းဆင်းသုတေသနအဖွဲ့များကိုလည်း လူတွေ့မေးမြန်းနည်း၊ ဒေတာလုံခြုံရေး၊ ဒေတာ စုဆောင်းနည်း၊ ဓါတ်ပုံရိုက်ကူးနည်း၊ GPS မြေပုံညွှန်းမှတ်သားနည်း၊ Kobo Toolbox software အသုံးပြုနည်း နှင့် သတင်းအချက်အလက် စုဆောင်းနည်းများကို ရက် ၆၀ သင်တန်းအတွင်း လေ့ကျင့်ပို့ချ ပေးခဲ့သည်။

## ၁. ၂။ စစ်တမ်းပြုမေးခွန်းလွှာပြုစုခြင်း

စစ်တမ်းကောက်မေးခွန်းလွှာ ပြုစုရာတွင် ဘိန်းခင်းတည်နေရာ၊ အကျယ်အဝန်းနှင့် ထွက်နှုန်း၊ ဘိန်းဖြူ နှင့် ယာမ ထုတ်လုပ်ခြင်း နှင့် သယ်ယူပို့ဆောင်ရာလမ်းကြောင်း၊ မူးယစ်ဆေးဝါး ဖြန့်ချီရောင်းဝယ်ခြင်း နှင့် သုံးစွဲမှုများအကြောင်း၊ မူးယစ်ဆေးဝါး သယ်ဆောင်ဖြန့်ချီ ရောင်းဝယ်ဖေါက်ကားမှုများကို အထောက် အကူပြုသူ၊ အကာအကွယ်ပေးနေသူများကို စုံစမ်းဖေါ်ထုတ်ခြင်း၊ KTV များ၌ မူးယစ်ဆေးဝါး ပတ်သက် ဆက်နွယ်ခြင်းနှင့် သုံးစွဲမှုအခြေအနေများကို သိရှိနိုင်မည့်မေးခွန်းများဖြင့် စုစည်းပြုစုထားသည်။ စုဆောင်း ရရှိသော သတင်းအချက်အလက်ဒေတာများကို online ဒေတာများအဖြစ် ပြောင်းလဲနိုင်ရန် Kobo Toolbox software အသုံးပြုပြီး တွေ့ဆုံမေးမြန်းမှု မေးခွန်းပုံစံကို ပြုစုရယူခဲ့သည်။

## ၁. ၃။ အသုံးပြုသည့်ကရိယာ နှင့် ဆောင်ရွက်ပုံများ

ဤ သုတေသနလုပ်ငန်းစဉ်တွင် အရည်အသွေး နှင့် အရေအတွက် သတင်းအချက်အလက်နှစ်မျိုးလုံးကို အသုံးပြုထားသည်။ နယ်မြေဒေသနှင့် တွေ့ဆုံမေးမြန်းရမည့် လူများထံသွားရောက်သည့်အခါ သီးသန့် ခွဲခြားသတ်မှတ်ထားသော သတင်းအချက်အလက် စုဆောင်းယူရမည့် အကြောင်းအရာများကို သုံးသည်။ ယင်း ပုံစံတွင်ပါဝင်သည့် အကြောင်းအရာများမှာ -

၁၊ ဘိန်းစိုက်ခင်း များ၏ တည်နေရာ မြေပုံညွှန်း (GPS) ရယူမှတ်သားခြင်း၊ အကျယ်အဝန်း အတိုင်း အတာ ရယူခြင်း

၂။ အထင်ကရ သတင်းအချက်အလက် ပေးနိုင်မည့်သူများကို သီးသန့် တွေ့ဆုံမေးမြန်းခြင်း၊ လူအစုလိုက် ဆွေးနွေးမေးမြန်းခြင်း

၃။ လက်တွေ့ ပါဝင်လုပ်ကိုင်နေသူများ၏ အတွေ့အကြုံဖြစ်ရပ်များကို လေ့လာခြင်း (case-study)

စုဆောင်းရယူခဲ့သော စာရင်းအင်း အချက်အလက်များကို မှတ်တမ်းတင်ကူးသွင်းခြင်း၊ တည်နေရာပြ မြေပုံများ ရေးဆွဲပြုစုခြင်း၊ ဒေတာတည်းဖြတ်ခြင်း၊ ဆန်းစစ်သုံးသပ်ခြင်း လုပ်ငန်းများကို ရက်ပေါင်း ၉၀ အချိန်ယူ ဆောင်ရွက်ခဲ့သည်။ တည်နေရာပြမြေပုံ ရေးဆွဲပြုစုရာ၌ ရပ်ညွှန်းပြခြင်းကို Locus, Google Offline Map အစရှိသည့် offline mapping application များကို အသုံးပြုကာ Google Earth Pro software တွင် အတည်ပြု ရယူသည်။ မြေပုံ ထုတ်ရာတွင် ArcGIS 10 နှင့် Adobe InDesign software နည်းပညာတို့ကို အသုံးပြုသည်။

## ၁.၄။ တွေ့ဆုံမေးမြန်းမည့် လူပုဂ္ဂိုလ် ရွေးချယ်သတ်မှတ်ခြင်း

အရေးကြီးသည့် သတင်းအချက်အလက်များရရှိရန် သတင်းအချက်အလက် ပေးနိုင်မည့်လူပုဂ္ဂိုလ် ရွေးချယ်ရာတွင် မတူညီသော လူအမျိုးမျိုး၊ အလုပ်အကိုင်၊ အသက်အရွယ် အပိုင်းအခြားပေါ် မူတည်ပြီး ရွေးချယ်သည်။ မတူညီသော လူအမျိုးမျိုးဆိုရာ၌ ဘိန်းစိုက်တောင်သူ၊ ဘိန်းခင်းများတွင် နေ့စား လုပ်ကိုင်သည့် အလုပ်သမား၊ ဘိန်းဖြူ နှင့် ယာမ ထုတ်လုပ်မှုတွင် ပါဝင်ခဲ့ဖူးသူ၊ မူးယစ်ဆေးဝါး သယ်ယူ ပို့ဆောင် လုပ်ကိုင်ခဲ့သူ၊ မူးယစ်ဆေးဝါး ဖြန့်ချီ ရောင်းဝယ်ဖေါက်ကား လုပ်ကိုင်ခဲ့သူ၊ မူးယစ်ဆေးဝါး သုံးစွဲသူ၊ အစိုးရဝန်ထမ်း၊ ရှေ့နေ၊ ရဲတပ်ဖွဲ့ဝင်၊ ပြည်သူ့စစ် တပ်ဖွဲ့ဝင်၊ BGF တပ်ဖွဲ့ဝင်၊ တပ်မတော်သား၊ နိုင်ငံရေး ပါတီဝင်၊ ရပ်ရွာ အုပ်ချုပ်ရေးမှူး၊ ကျန်းမာရေး ဝန်ထမ်း၊ ထောင်ထွက်၊ ကျောင်းဆရာ/မ၊ ရပ်မိရပ်ဖ၊ လူထုအခြေပြု မူးယစ်ဆေးဝါးအဖွဲ့ဝင်နှင့် ကော်မတီဝင်များ၊ ဘာသာရေးအသင်းအဖွဲ့ ခေါင်းဆောင်များ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ လူငယ်အဖွဲ့အစည်းများ၊ အနုပညာရှင်များ၊ CSO/CBO တာဝန် ထမ်းဆောင်သူများ စသဖြင့်ပါဝင်သည်။




*ဇယား ၁။ လူတွေ့ တွေ့ဆုံမေးမြန်းသည့် လူပုဂ္ဂိုလ် အမျိုးအစား နှင့် အရေအတွက်*

လူတွေ့မေးမြန်းသည့် ပုဂ္ဂိုလ် ၃၄၀ ဦးအနက် အများဆုံးမှာ မူးယစ်ဆေးဝါးသုံးစွဲသူ၊ ရောင်းချသူ၊ သယ်ဆောင်ဖြန့်ဖြူးသူအုပ်စုဖြစ်ပြီး ဒုတိယမှာ လူငယ်၊ အမျိုးသမီး နှင့် အနုပညာရှင် အုပ်စုဖြစ်သည်။ မူးယစ်ဆေးဖြတ်နေသူများ နှင့် ဆေးဖြတ်ထားပြီးသူများမှာ တတိယ အများဆုံးအုပ်စုဖြစ်သည်။ တွေ့ဆုံမေးမြန်းထားသည့် ရဲတပ်ဖွဲ့ဝင်များအားလုံးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်။ စစ်သားများမှာ မြန်မာ့တပ်မတော်သားများဖြစ်ပြီး အချို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင် အနည်းငယ်ပါဝင်သည်။ တွေ့ဆုံမေးမြန်းခဲ့သည့် ဝန်ထမ်းအများစုမှာ တရားရုံးဝန်ထမ်းများ၊ ထွေအုပ်ရုံးဝန်ထမ်းများ၊ ကျောင်းဆရာ/မများနှင့် ကျန်းမာရေးဝန်ထမ်းများ ဖြစ်ကြသည်။ NGO/CSO ဝန်ထမ်းများကို တွေ့ဆုံမေးမြန်းရာ၌ INGO ဝန်ထမ်း အချို့လည်း ပါဝင်သည်။ အမျိုးသမီးများဆိုရာ၌ အမျိုးသမီး အသင်းအဖွဲ့ ခေါင်းဆောင်များ၊ ကော်မတီဝင်များနှင့် သာမန်အမျိုးသမီးများလည်းပါဝင်သည်။ လူငယ်များသည်လည်း လူငယ် ခေါင်းဆောင်များနှင့် သာမန်လူငယ်များလည်း ပါဝင်သည်။

စစ်တမ်းကောက်ယူရာတွင် နယ်မြေ ၈ ခုမှ အမျိုး သမီး ၈၄ ဦး၊ အမျိုးသား ၂၅၆၊ စုစုပေါင်း ၃၄၀ ဦးကို တွေ့ဆုံမေးမြန်း ခဲ့ခြင်း ဖြစ်သည်။




*ဇယား ၂။ တွေ့ဆုံမေးမြန်းခဲ့သော အမျိုးသား-အမျိုးသမီး အချိုးအစား*

### ၁.၅၊ စာရင်းဇယား အချက်အလက်များ ကောက်ယူစုဆောင်းခြင်း

ဒေသအသီးသီးသို့ ကွင်းဆင်းကောက်ယူခြင်း ကို ၂၀၂၃ ခုနှစ် ဧပြီလ မှ ဩဂုတ်လ အတွင်း ၅ လကြာ ပြုလုပ်ခဲ့သည်။ ဒေတာကူးသွင်းခြင်း၊ တည်းဖြတ်ခြင်း၊ ဆန်းစစ် သုံးသပ်ခြင်းနှင့် ဘိန်းခင်း တည်ရာပြမြေပုံ ပြုစုခြင်းတို့ကို ၂၀၂၃ ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအတွင်း ပြုလုပ်ခဲ့သည်။ ဒေတာအချက်အလက် စုဆောင်း

ရာတွင် Kobo toolbox software အား အသုံးပြုပြီး စုဆောင်းရယူခြင်း၊ case-study များ၊ ဘိန်းစိုက်ခင်းဒေတာများ စုဆောင်းခြင်း၊ KTV များ၌ မူးယစ်ဆေးဝါးနှင့် ဆက်စပ်မှု အချက်အလက်များ စုဆောင်းခြင်းနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်သည့်စခန်းများ ဒေတာစုဆောင်းခြင်း စသည့်ကဏ္ဍများ ပါဝင်သည်။ ကွင်းဆင်း ဒေတာကောက်ယူရာ၌ လုံခြုံရေးနှင့် ဒေသအခြေအနေ အခက်အခဲများကြောင့် ဒေသ တစ်ခုနှင့်တစ်ခု အချိန်ကွဲပြားသည်။

ထိုသို့ ဒေတာကောက်ယူရာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသအတွင်း နယ်မြေ ၈ခု ပိုင်းခြားကာ ကွင်းဆင်းခဲ့သည်။ ထိုနေမြေများတွင် ကွင်းဆင်းအဖွဲ့များကိုလည်း အဖွဲ့ခွဲကာ ကွင်းဆင်း ခဲ့သည်။ ကဏ္ဍ ငါးခု ခွဲပြီး ဒေတာကောက်ယူစုဆောင်းရန် သတ်မှတ်ထားသည့် နယ်မြေများမှာ ဆွမ်ပရာဘွမ်၊ ပူတာအို၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ ဖားကန့်၊ မိုးညှင်း၊ ဗန်းမော်၊ မိုးမောက်၊ လားရှိုး၊ သိန္နီ၊ မူဆယ်၊ ကွတ်ခိုင်၊ မန်တုံ၊ နမ့်ခမ်း၊ ကွမ်လုံ၊ တန့်ယန်း မြို့နယ်များ ဖြစ်သည်။ ဒေတာသတင်းအချက်အလက် ကောက်ယူ စုဆောင်းသည့်မြို့နယ် နှင့် သုတေသနအဖွဲ့တို့ကို အောက်ပါအတိုင်း ခွဲခြားထားသည်။

| အဖွဲ့ | ဒေတာ ကောက်သူ | ဧရိယာ(မြို့နယ်) |
|---|---|---|
| အဖွဲ့(၁) | ၆ | ပူတာအို၊ ဆွမ်ပရာဘွမ် |
| အဖွဲ့(၂) | ၁၃ | မြစ်ကြီးနား၊ တနိုင်း |
| အဖွဲ့(၃) | ၄ | ရွှေကူ၊ မန်စီ၊ မိုးမောက်၊ ဗန်းမော် |
| အဖွဲ့(၄) | ၁၆ | လားရှိုး၊ ကွတ်ခိုင်၊ တန့်ယန်း၊ နမ့်ခမ်း၊ မူဆယ်၊ သိန္နီ၊ ကွမ်လုံ |
| အဖွဲ့(၅) | ၉ | ဝိုင်းမော်၊ ချီဖွေ |
| အဖွဲ့(၆) | ၁၀ | ဖားကန့် |
| အဖွဲ့(၇) | ၆ | မိုးကောင်း၊ မိုးညှင်း |

**စာရင်း ၁။ စစ်တမ်းကောက်နယ်မြေနှင့် သုတေသနအဖွဲ့များ**

ဘိန်းစိုက်ပျိုးမှု၊ သယ်ဆောင်ဖြန့်ဖြူးမှု၊ ဖြန့်ချီရောင်းဝယ်မှုတို့ကို လေ့လာစုံစမ်းရာတွင် အချို့နေရာများ၌ လုံခြုံရေးအခြေအနေအရ ထိထိရောက်ရောက် မကောက်ယူနိုင်ခဲ့ပေ။ အထူးသဖြင့် ပြည်သူ့စစ် နှင့် BGF တပ်ဖွဲ့များ ထိန်းချုပ်ထားသောနယ်မြေများနှင့် မြန်မာ့တပ်မတော်စစ်စခန်းများနှင့် နီးစပ်သည့်နေရာ များတွင် ရှိသည့် ဘိန်းစိုက်ခင်းအချက်အလက်များရရှိနိုင်ရန် အထူးတာဝန်ပေးကာ သတိထားစေလွှတ်ခဲ့ရသည်။

ဘိန်းစိုက်ခင်း သတင်းအချက်အလက် ကောက်ယူစုဆောင်းရန် သတ်မှတ်ထားသော နယ်မြေများမှာ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်ရှိ ဆဒုံး၊ ကန်ပိုင်တီ ဒေသ၊ တနိုင်းမြို့နယ်နှင့် ပူတာအိုမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် မူဆယ်၊ ကွတ်ခိုင်၊ လားရှိုး၊ နမ့်ခမ်း၊ ကွမ်လုံ၊ နှင့် တန့်ယန်းမြို့နယ် တို့ဖြစ်သည်။




*မြေပုံ ၂။ ၂၀၂၂-၂၀၂၃ ခုနှစ် ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းဒေသအတွင်း ဘိန်းစိုက်ပျိုး နယ်မြေပြမြေပုံ*

# လေ့လာတွေ့ရှိချက်များ

## ၁။ ဘိန်းစိုက်ပျိုးမှု

မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု အများဆုံးမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသနှင့် ကချင်ပြည်နယ်ဖြစ်သည်။ အထူးသဖြင့် မြန်မာ့တပ်မတော်၊ BGF နှင့် ပြည်သူ့စစ်များ ထိန်းချုပ်ရာ နယ်မြေများတွင် ဘိန်းစိုက်ပျိုးမှု အများဆုံးဖြစ်သည်။ ကချင်ပြည်နယ်တွင် ဘိန်းစိုက်ပျိုးသော မြို့နယ် များမှာ ပူတာအို၊ ဆွမ်ပရာဘွမ်၊ ဝိုင်းမော်နှင့် တနိုင်း မြို့နယ်များဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နမ့်ခမ်း၊ ကွတ်ခိုင်၊ ကုန်လုံ၊ တန့်ယန်း နှင့် လားရှိုးမြို့နယ်များ ဖြစ်သည်။ ကချင်ပြည်နယ်ရှိ တနိုင်းမြို့နယ် ဘိန်းခင်းစာရင်းတွင် နယ်မြေထိစပ်သည့် ရှင်ဗွေယန်မြို့နယ် (ခွဲ) ဘိန်းစိုက်ခင်းများလည်း ထည့်သွင်းထားသည်။ ထိုနည်းတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ဘိန်းစိုက်ခင်းစာရင်းတွင် ဆဒုံးနှင့် ကန်ပိုင်တီ (ပြည်သူ့စစ် နှင့် BGF တပ်ရင်း ၁၀၀၂ နှင့် တပ်ရင်း ၁၀၀၃ တပ်စွဲထားသည့် နယ်မြေ) များမှ ဘိန်းစိုက်ခင်းစာရင်းများလည်း ပါဝင်သည်။

ကချင်ပြည်နယ်အတွင်း ဘိန်းစိုက်ပျိုးမှုပုံစံ နှစ်မျိုးရှိသည်။ တနိုင်းနှင့် ရှင်ဗွေယန်မြို့နယ် (ခွဲ) များတွင် ဘိန်းစိုက်ခင်းများကို မြစ်ချောင်းနံဘေးတစ်လျှောက် အဓိကစိုက်ပျိုးကြသည်။ ပူတာအို နှင့် ဆွမ်ပရာဘွမ် မြို့နယ်များတွင် ဧရာဝတီမြစ်ကမ်းနှင့် မြစ်ချောင်းကမ်းဘေးများတွင် စိုက်ကြသည်။ ဝိုင်းမော်မြို့နယ်တွင်မူ တောင်ရိုးတောင်တန်းများပေါ်တွင် စိုက်ပျိုးကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင်လည်း တောင်ရိုးတောင်စွယ်များပေါ်တွင် စိုက်ပျိုးကာ ယခင်စိုက်ပျိုးသည့် မြေနေရာများတွင်ထပ်မံ စိုက်ပျိုးကြသည်။



*ဓါတ်ပုံ ၁။ ၂၀၂၂-၂၀၂၃ ခုနှစ် တနိုင်းမြို့နယ်အတွင်းမှ ဘိန်းခင်းတစ်ခင်းပုံ*

ကေအိုင်အိုမှ နှစ်စဉ် ဘိန်းစိုက်ခင်းများ ဖျက်ဆီးသည့်စီမံကိန်းကြောင့် ပူတာအို၊ ဆွမ်ပရာဘွမ်နှင့် တနိုင်းမြို့နယ်များတွင် ၂၀၁၉-၂၀၂၀ ခုနှစ် နှင့် နှိုင်းယှဉ်လျှင် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ဘိန်းစိုက်ပျိုးမှု ၉% ကျဆင်းသွားသည်ကို တွေ့ရှိရသည်။ ထိုနည်းတူ ဝိုင်းမော်မြို့နယ် ဆဒုံးနှင့် ကန်ပိုင်တီဒေသတွင်လည်း ယခင်ဘိန်းခင်းများတွင် လုပ်ကိုင်စိုက်ပျိုးလေ့ရှိသူများမှာလည်း ပန်ဝါဒေသသို့ မြေရှားဒြပ်စင်တူးဖော်ခြင်းလုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်ခြင်း နှင့် ယခင်လာရောက် စိုက်ပျိုးလုပ်ကိုင်သော တရုတ်နိုင်ငံသားများသည်လည်း COVID-19 ထိန်းချုပ်ရေးစည်းကမ်း တင်းကျပ်မှုကြောင့် လာရောက်လုပ်ကိုင်နိုင်ခြင်းမရှိသည့်အတွက် ၂၂% ကျဆင်းသွားသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ကချင်ပြည်နယ်တွင် မြန်မာ့တပ်မတော်၊ BGF တပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ထိန်းချုပ်သည့် ဝိုင်းမော်မြို့နယ်ရှိ ဘိန်းစိုက်ခင်းဟက်တာသည် ပူတာအို၊ ဆွမ်ပရာဘွမ်၊ တနိုင်းမြို့နယ်များရှိ ဘိန်းစိုက်ခင်းအားလုံးပေါင်းထက် ၆၆% ပိုမိုများပြားနေဆဲဖြစ်သည်။

> *"အရင်ကတော့ ဘိန်းစိုက်တဲ့လူအများကြီးပဲ၊ အခုတော့ စိုက်တဲ့လူနည်းလာပြီ။ ကေအိုင်အေ ကနေ ဘိန်းခင်းတွေ ဖျက်ဆီးပေးတဲ့အတွက် ဘိန်းစိုက်တာတော့ နည်းလာတယ်လို့ မြင်တယ်။ ဘိန်းစိုက်တာကို အခု ဗမာစစ်တပ်ဘက်က ဖျက်ဆီးတာ၊ အရေးယူတာ ဘာမှ မရှိဘူးဆိုတာကို တွေ့ရတယ်။"*
>
> *ရွာသား တစ်ဦး၊ တနိုင်း*

၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီအတွင်း ကေအိုင်အေမှ တနိုင်းမြို့နယ်အတွင်း ဘိန်းခင်း ၃၃.၂၅ ဟက်တာ၊ ဆွမ်ပရာဘွမ် နှင့် ပူတာအိုမြို့နယ်များတွင် ၉၅.၄၄ ဟက်တာ၊ အားလုံးပေါင်း ၁၂၈.၆၉ ဟက်တာ ဖျက်ဆီးနိုင်ခဲ့သည်။ မြန်မာ့တပ်မတော် စစ်စခန်းများနှင့် နီးစပ်သည့်ဘိန်းခင်းများကိုမူ ဖျက်ဆီးနိုင်ခြင်း မရှိခဲ့ပါ။



*ဓါတ်ပုံ ၂။ ကေအိုင်အေတပ်ဖွဲ့များမှ ၂၀၂၂-၂၀၂၃ ခုနှစ် ရာသီအတွင်း တနိုင်းမြို့နယ်ရှိ ဘိန်းခင်းတစ်ခင်းအား ဖျက်ဆီးရှင်းလင်းနေစဉ်*

ကချင်ပြည်နယ်ထဲတွင် ဘိန်းစိုက်ပျိုးမှုအများဆုံးမှာ BGF ၁၀၀၃ တပ်ရင်း နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ထိန်းချုပ်ရာ ဝိုင်းမော်မြို့နယ်ရှိ ဆဒုံးနှင့် ကန်ပိုင်တီဒေသများဖြစ်သည်။ BGF အမှတ် ၁၀၀၂ တပ်ရင်း ထိန်းချုပ်အခြေစိုက်ရာ နယ်မြေအတွင်းရှိ တမူခုန်း၊ ခရမ်းဂျူ၊ ဂျစ်လွယ်နှင့် လုံဇာကျေးရွာများ တဝိုက်တွင်လည်း ဘိန်းစိုက်ပျိုးမှုရှိသည်ဟု သိရသော်လည်း လုံခြုံရေးအခြေအနေအရ စစ်တမ်း ကောက်ယူနိုင်ခြင်း မရှိခဲ့ပေ။ ဆဒုံး နှင့် ကန်ပိုင်တီဒေသအတွင်း ဘိန်းစိုက်ပျိုးသည့် ကျေးရွာများမှာ လမ်းမကြီးအရှေ့ဖက်ခြမ်း တောင်ကျောများပေါ် ရှိ ဝေါ့ချုံး၊ ဝတ်မော်၊ ပါ့ဒေါန်၊ ကဇွမ်၊ မဂါ့၊ လီဆူ မဂါ့၊ လချိဒ် မဂါ့၊ ထန်မူးခန်၊ ဂနော့ဘွမ်စသည့် ကျေးရွာများဝန်းကျင်တွင် အများဆုံးတည်ရှိသည်။

ကန်ပိုင်တီလမ်းမ အနောက်ဖက်ခြမ်းရှိ မဆာ့၊ ကုန်မိုင်၊ ငါ့ပျော်၊ ခမ်းကုံ၊ ယင်ဒမ်၊ နော့ဂူ၊ မော်ဆီဒုန်၊ ဆလုတ်ခေါင်၊ တာကျားဟော့၊ လငန်၊ လုထောင်၊ ဘွမ်လင်စသည့် ကျေးရွာများမှာ ဘိန်းစိုက်ပျိုးခြင်းကို အဓိကလုပ်ကိုင်သည့် ကျေးရွာများဖြစ်သည်။ ဆလုတ်ခေါင် နှင့် မော်ဆီဒုန် ကျေးရွာတို့မှာ တရုတ်နိုင်ငံ ဖက်မှ ဘိန်းလာရောက်စိုက်ပျိုးသော တရုတ်နိုင်ငံသားများ အခြေချနေထိုင်ရာမှ ဖြစ်တည်လာသော ကျေးရွာဖြစ်သည်။

*"ဆဒုံး၊ ကန်ပိုင်တီဒေသမှာ ဘိန်းစိုက်ပျိုးလာတာက အနှစ် ၄၀ ကျော်ပြီ။ ဒီဒေသမှာ ဘိန်းလာစိုက်ရင်း အခြေချနေထိုင်တဲ့ တရုတ်နိုင်ငံသားတွေ အများကြီးရှိတယ်။ တချို့ တရုတ်နိုင်ငံသားတွေက တရုတ်အစိုးရ လက်လှမ်းမမှီတဲ့ တောင်ပေါ်ဒေသမှာ နေထိုင်ပြီး ကန်ပိုင်တီဒေသကို ဝင်လာပြီးတော့ ဘိန်းလာစိုက်ကြတယ်။ နှစ်ရှည်ကြာလာတော့ မြန်မာပြည်က ရွေးကောက်ပွဲကြောင့် မြန်မာနိုင်ငံသားမှတ်ပုံတင်တောင်ရနေကြပြီ။ တချို့က တရုတ်မှတ်ပုံတင်နဲ့ မြန်မာမှတ်ပုံတင် နှစ်ခုလုံး ကိုင်ထားကြတယ်။"*

*ရပ်ရွာခေါင်းဆောင် တစ်ဦး၊ ကန်ပိုင်တီ*

ဝိုင်းမော်မြို့နယ်ရှိ ဆဒုံးနှင့် ကန်ပိုင်တီဒေသသည် နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ၏ အုပ်ချုပ်မှုအောက်တွင်ရှိသည့် BGF အမှတ် ၁၀၀၂ နှင့် အမှတ် ၁၀၀၃ တပ်ရင်းများ၊ ပြည်သူ့စစ်တပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာ့တပ်မတော် ဆဒုံး ဗျူဟာနှင့် ကန်ပိုင်တီဗျူဟာတို့ အခြေချတပ်စွဲထားသည့် ဒေသများဖြစ်သည်။ ၂၀၁၈-၂၀၁၉ ခုနှစ် DIFC ၏ အစီရင်ခံစာကဲ့သို့ပင် ယခု ၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ပျိုးရာသီတွင်လည်း ဘိန်းစိုက်ခင်းများကို တပ်မတော်စစ်စခန်းနှင့် BGF တပ်ဖွဲ့စခန်းများအနီးတွင် တွေ့ရဆဲဖြစ်သည်။

နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ အစိုးရဌာနများမှ ဘိန်းစိုက်တောင်သူများထံမှ ငွေကြေးကောက်ခံကာ စိုက်ပျိုးထုတ်လုပ်မှုကို အထူးတလည် တားမြစ်အရေးယူမှု အလျဉ်းမရှိပေ။ BGF နှင့် ပြည်သူ့စစ်တပ်ဖွဲ့များသည် ဘိန်းစိုက်တောင်သူများထံမှ ငွေကြေး သို့မဟုတ် ဘိန်းစိမ်း အကောက်ခွန်ရယူကာ စိုက်ပျိုးခွင့်ပြုထားကြခြင်းဖြစ်သည်။ ဘိန်းခင်းအရွယ်အစားပေါ်မူတည်ပြီး အခွန်အခ ကောက်ခံကြကြောင်း သိရှိရသည်။

*"ကျနော်တို့ ဒေသမှာ ဘိန်းစိုက်တဲ့ သူတွေက ဗမာစစ်တပ်တွေရှိတဲ အနီးအနား၊ BGF နဲ့ ပြည်သူ့စစ်တပ်ဖွဲ့တွေ ရှိတဲ့နေရာဝန်းကျင်မှာ စိုက်တာများလာတယ်။ သူတို့နဲ့ နီးတဲ့နေရာမှာ ဆိုရင် ကေအိုင်အိုကနေ ဖျက်ဆီးရှင်းလင်းတာမျိုး လုပ်လို့မရတာကြောင့်ပေါ့။ နစက ဌာနဆိုင်ရာ တွေက အကာအကွယ် ပေးထားတဲ့ သဘောမျိုးတွေ့ရတယ်"*

*ဘိန်းစိုက် တောင်သူတစ်ဦး၊ ဆဒုံး*




*ဇယား ၃။ ကချင်ပြည်နယ်ရှိ ဘိန်းစိုက်ပျိုးသည့် မြို့နယ်များနှင့် စိုက်ခင်း အကျယ်အဝန်း ဟက်တာပေါင်း ၂၀၂၂-၂၀၂၃ ခုနှစ်*

၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ပျိုးရာသီတွင် ဘိန်းစိုက်ပျိုးမှုကို ဒေသအလိုက် နှိုင်းယှဉ်ပါက ကချင်ပြည်နယ်တွင် မြို့နယ် ၄ မြို့နယ်မှ စိုက်ခင်း ၄,၁၀၈.၅၃ ဟက်တာရှိသည်။ တနိုင်းမြို့နယ်တွင် ၄၂၇.၇၈ ဟက်တာ၊ ဆွမ်ပရာဘွမ် ၁၀.၇၂ ဟက်တာ၊ ပူတာအို ၂၆၅.၂၈ ဟက်တာ၊ ဝိုင်းမော် ၃,၄၀၄.၇၅ ဟက်တာဖြစ်သည်။ ၂၀၁၉-၂၀၂၀ ခုနှစ် စိုက်ခင်း ၆,၃၈၃.၈၉ ဟက်တာနှင့် နှိုင်းယှဉ်ပါက ၁၁% ခန့် ကျဆင်းသွားသည်ကို တွေ့ရသည်။ ဘိန်းစိုက်ခင်း ကျဆင်းသွားသည့် အကြောင်းရင်းမှာ ကေအိုင်အိုမှ နှစ်စဉ်ဘိန်းစိုက်ခင်းများ ဖျက်ဆီး ရှင်းလင်းခြင်း၊ ဆွမ်ပရာဘွမ်နှင့် ပူတာအိုမြို့နယ်ရှိ ဘိန်းစိုက်ပျိုးသည့်မြေနေရာများ၌ ရွှေတူးဖေါ်ကြခြင်း၊ လုပ်သားများသည်လည်း ရွှေမော်များတွင် သွားရောက်လုပ်ကိုင်ကြခြင်းနှင့် ဝိုင်းမော်မြို့နယ် (ဆဒုံး နှင့် ကန်ပိုင်တီ) ဒေသများတွင်လည်း COVID-19 ကာလ တရုတ်အစိုးရ ပေါ်လစီကြောင့် တရုတ်နိုင်ငံသားများ မြန်မာနိုင်ငံအတွင်းသို့ဝင်ရောက် ဘိန်းစိုက်ခင်းမလုပ်ကိုင်နိုင်ခြင်း၊ ဒေသခံလုပ်သားများသည်လည်း ပန်ဝါဒေသသို့ မြေရှားဒြပ်စင်တူးဖေါ်သည့် လုပ်ငန်းများတွင် ဝင်ရောက်လုပ်ကိုင်သွားကြခြင်း တို့ကြောင့်ဖြစ်သည်။




| | ပူတာအိုမြို့နယ် | ဆွမ်ပရာဘွမ်မြို့နယ် | ဝိုင်းမော်မြို့နယ် | တနိုင်းမြို့နယ် |
|---|---|---|---|---|
| ၂၀၂၂-၂၀၂၃ | ၂၆၅.၂၈ | ၁၀.၇၂ | ၃၄၀၄.၇၅ | ၄၂၇.၇၈ |
| ၂၀၁၉-၂၀၂၀ | ၃၃၃.၃၅ | ၃၈.၃၄ | ၅၃၆၈.၂၃ | ၆၄၃.၉၇ |

*ဇယား ၄။ ၂၀၁၉-၂၀၂၀ ခုနှစ် နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ကချင်ပြည်နယ် ဘိန်းစိုက်ပျိုးသည့် မြို့နယ်များအလိုက် စိုက်ခင်းအကျယ်အဝန်း နှိုင်းယှဉ်မှု*




*ဇယား ၅။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ မြို့နယ်များအလိုက် ဘိန်းစိုက်ခင်း ဟက်တာပေါင်း၊ ၂၀၂၂-၂၀၂၃*

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ မြို့နယ် ၅ ခုတွင် ဘိန်းခင်း ၇,၁၉၄.၆၁ ဟက်တာ ရှိသည်ကိုတွေ့ရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း DIFC မှ စုံစမ်း တွေ့ရှိခဲ့သောဘိန်းစိုက်ခင်းမှာ လားရှိုးမြို့နယ်အတွင်း ၁,၂၆၁.၉၇ ဟက်တာ၊ ကွတ်ခိုင် ၁,၁၄၇ ဟက်တာ၊ နမ့်ခမ်း ၄၁၉.၂၈ ဟက်တာ၊ ကွန်လုံ ၂,၉၈၇.၇၈ ဟက်တာ နှင့် တန့်ယန်း ၁,၃၇၈.၅၈ ဟက်တာဖြစ်သည်။ ဘိန်းစိုက်ခင်းရှာဖွေစုံစမ်းရာတွင် မြို့နယ်အချို့တွင် ကေအိုင်အိုမှ ဘိန်းခင်းဖျက်ဆီးရှင်းလင်းခြင်းကြောင့် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျသွားသည်ကိုတွေ့ရှိရသည်။ ၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း ကေအိုင်အိုမှ ဖျက်ဆီးရှင်းလင်းခဲ့သောဘိန်းစိုက်ခင်း ၁၀၉.၂၇ ဟက်တာ ရှိသည်။ DIFC မှ ၂၀၁၉-၂၀၂၀ ခုနှစ်နှင့် ၂၀၂၂-၂၀၂၃ ခုနှစ်များအတွင်း ရှာဖွေစုံစမ်းတွေ့ရှိခဲ့သော ဘိန်းစိုက်ခင်းများကို

မြို့နယ်များအလိုက်နှိုင်းယှဉ်ကြည့်လျှင် လားရှိုးမြို့နယ်တွင် ၃% နှင့် ကွတ်ခိုင်မြို့နယ်တွင် ၁၂% လျော့နည်းသွားသည်ကိုတွေ့ရှိရသည်။ ကွန်လုံမြို့နယ်တွင်မူ အထူးတလည်ပြောင်းလဲမှုမရှိသော်လည်း နမ့်ခမ်းမြို့နယ်တွင် ၄% နှင့် တန့်ယန်းမြို့နယ်တွင် ၁၄% တိုးမြင့်လာသည်ကို တွေ့ရှိရသည်။




| | လားရှိုးမြို့နယ် | ကွတ်ခိုင်မြို့နယ် | နမ့်ခမ်းမြို့နယ် | ကွန်လုံမြို့နယ် | တန့်ယန်းမြို့နယ် |
|---|---|---|---|---|---|
| ၂၀၂၂-၂၀၂၃ | ၁၂၆၀.၉၇ | ၁၁၄၇ | ၄၁၉.၂၈ | ၂၉၈၇.၇၈ | ၁၃၇၈.၅၈ |
| ၂၀၁၉-၂၀၂၀ | ၁၃၃၃.၉၇ | ၁၄၅၃.၇၇ | ၃၈၈.၉၉ | ၂၉၉၂.၃၅ | ၁၀၄၆.၉၆ |

*ဇယား ၆။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ မြို့နယ်များအလိုက် ၂၀၁၉-၂၀၂၀ ခုနှစ်နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ခင်း နှိုင်းယှဉ်ချက်*

၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းစိုက်ပျိုးရာသီတွင် ကချင်ပြည်နယ်ရှိဘိန်းစိုက်ခင်း ၄,၁၀၈.၅၃ ဟက်တာနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ၇,၁၉၄.၆၁ ဟက်တာရှိပြီး စုစုပေါင်း ၁၁,၃၀၃.၁၄ ဟက်တာရှိသည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ ဘိန်းစိုက်ခင်းများကို နှိုင်းယှဉ်ကြည့်ပါက ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် စိုက်ပျိုးမှု ပိုမိုများပြားလာသည်ကို တွေ့ရသည်။ ရာခိုင်နှုန်း အားဖြင့် ၆၄% နှင့် ၃၆% အသီးသီး ဖြစ်သည်။




*ဇယား ၇။ ၂၀၂၂-၂၀၂၃ စိုက်ပျိုးရာသီ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ ဘိန်းစိုက်ခင်း နှိုင်းယှဉ်မှု*




*ဇယား ၈။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ မြို့နယ်အလိုက် ဘိန်းစိုက်ခင်းရာခိုင်နှုန်း၊ ၂၀၂၂-၂၀၂၃*




***ဇယား ၉။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသ မြို့နယ်အလိုက် ဘိန်းစိုက်ခင်း ဟက်တာပေါင်း***




*မြေပုံ ၃။ တပ်မတော်၊ ပြည်သူ့စစ်တပ်ဖွဲ့၊ နှင့် BGF တပ်ဖွဲ့ စခန်း နှင့် ဘိန်းစိုက်ခင်းများ တည်နေရာပြမြေပုံ*

ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်း ဘိန်းစိုက်ခင်းအနီးရှိ တပ်မတော်စစ်စခန်း ၉ ခု၊ ရဲစခန်း ၂ ခုနှင့် တန်ဂူးတန် ပြည်သူ့စစ်တပ်ဖွဲ့ စခန်း ၆ခု ရှိပြီး တနိုင်းမြို့နယ်အတွင်း တပ်မတော်စခန်း ၂၂ ခု၊ ရဲစခန်း ၁ခု၊ နှင့် လီဆူ ပြည်သူ့စစ်တပ်ဖွဲ့စခန်း ၂ခု၊ ဆွမ်ပရာဘွမ်မြို့နယ်ရှိ တပ်မတော်စစ်စခန်း ၃ခု တို့မှာ ဘိန်းစိုက်ခင်း အနီးတွင်ရှိသည်။ ထို့အပြင် ဝိုင်းမော်မြို့နယ်တွင် တပ်မတော်စစ်စခန်း ၆ ခု၊ BGF နှင့် ပြည်သူ့စစ်တပ်ဖွဲ့ စခန်း ၁၉ ခု တို့ ရှိကြသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်း ဘိန်းခင်းများအနီး တည်ရှိသောတပ်စခန်းများမှာ တပ်မတော်စစ်စခန်း ၂၄ ခု၊ ရဲစခန်း ၂ ခု၊ နှင့် ပြည်သူ့စစ်စခန်း ၁၀ ခု ရှိသည်။ နမ့်ခမ်းမြို့နယ်တွင် တပ်မတော်စခန်း ၄ ခု၊ ပြည်သူ့စစ်စခန်း ၄ ခု ရှိပြီး ယင်းနယ်မြေများမှာ ပြည်သူ့စစ်တပ်ဖွဲ့များက တိုက်ရိုက်အုပ်ချုပ်သည့် နယ်မြေများ ဖြစ်သည်။ ကွမ်လုံမြို့နယ်အတွင်း ဘိန်းစိုက်ခင်းများအနီးတွင်ရှိသော တပ်စခန်းများမှာ တပ်မတော်စစ်စခန်း ၄ ခု၊ ပြည်သူ့စစ်စခန်း ၈ ခု နှင့် ကွမ်လုံအထူးတိုက်ခိုက်ရေးရဲတပ်ဖွဲ့တို့ဖြစ်သည်။ တန့်ယန်းမြို့နယ်တွင် တပ်မတော်စစ်စခန်း ၂ ခု နှင့် အနည်းဆုံး ပြည်သူ့စစ်စခန်း ၅ ခုသည် ဘိန်းခင်းများအနီးတွင် တည်ရှိသည်။

ပြည်သူ့စစ် နှင့် BGF တပ်ဖွဲ့များသည် မိမိအဖွဲ့အစည်းရန်ပုံငွေအတွက် ဘိန်းစိုက်ပျိုးမှု၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ ရောင်းဝယ်ဖြန့်ချီမှုများအပေါ် အခွန်ကောက်ခံခြင်း၊ ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ်ခြင်းများ ပြုလုပ်ကြသည်။ ပြည်သူ့စစ် နှင့် BGF တပ်ဖွဲ့များအနေဖြင့် မူးယစ်ဆေးဝါးလုပ်ငန်းလုပ်ကိုင်နိုင်ရန် မြန်မာ့ တပ်မတော် တပ်ရင်းတပ်ဖွဲ့များအား လာဘ်ငွေပေးဆောင်ခြင်းဖြင့် အကာအကွယ်ရယူကြကြောင်း သုတေသန လေ့လာတွေ့ရှိချက်အရ သိရှိရသည်။

> *"ထန်မူးခန်ရွာမှာရှိတဲ့ စစ်စခန်း တပ်ခြံစည်ရိုးနားထိ ဘိန်းခင်းရှိတယ်။ ဒါကြောင့် ဘိန်းမစိုက်ကြဖို့ ရွာသားတွေကို ပညာပေးဟောပြောရခက်တယ်။ ဒါ့အပြင် အဲဒီဘိန်းစိုက်တဲ့ရွာကို လူစိမ်းလာရင် မသင်္ကာတဲ့အတွက် စစ်လားဆေးလား လုပ်ကြတယ်။ အထူးသဖြင့် ဘိန်းစိုက်တဲ့အချိန်၊ ဘိန်းခြစ်တဲ့ အချိန်တွေမှာပိုဆိုးတယ်။ ကျန်တဲ့အချိန်တွေမှာတော့ သိပ်ကိစ္စမရှိဘူး။*
>
> *ဘိန်းခင်းတွေမှာ အလုပ်သမားဝင်လုပ်တဲ့လူတွေကလွဲပြီး အဲဒီနေရာတွေကို ဝင်ဖို့မလွယ်ဘူး။ အလုပ်သမားသွားလုပ်တဲ့လူတွေဆီက ဖုန်းတွေသိမ်းယူထားကြတယ်။ တကယ်လို့ဓါတ်ပုံ ခိုးရိုက်ပြီး သတင်းဖြန့်တာမျိုးတွေဆိုရင် သတ်ပစ်လိုက်မယ်ဆိုပြီး ခြိမ်းခြောက်ထားကြတယ်။"*
>
> *ကျေးရွာလူကြီးတစ်ဦး၊ ကန်ပိုင်တီ။*




**ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ ဘိန်းဖြူထုတ်လုပ်သည့်စက်ရုံများ နေရာများပြမြေပုံ (၂၀၂၂-၂၀၂၃)**




*မြေပုံ ၄။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ ဘိန်းဖြူချက်လုပ်သည့်အလုပ်ရုံများနှင့် ဘိန်းချက်ပစ္စည်းများဖျက်ဆီးပြီးသည့် နေရာများပြမြေပုံ*

## ၂။ ဘိန်းဖြူ ထုတ်လုပ်မှု

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ဘိန်းစိုက်ပျိုးမှုကျဆင်းလာပြီး ဘိန်းဖြူနှင့် ယာမ ချက်လုပ်မှုများ ပိုမိုတိုးပွားလာလျက်ရှိသည်။ ယာမ ချက်လုပ်ရာတွင် အရင်းအနှီးနှင့်စက်ရုံအလုပ်ရုံ ကြီးကြီးမားမားမလိုအပ်ပဲ မည်သည့်တဲအိမ်အဆောက်အဦးတွင်မဆို လွယ်လင့်တကူချက်လုပ်နိုင်သည်။ ၂၀၂၂-၂၀၂၃ ခုနှစ် အတွင်း ဘိန်းဖြူချက်လုပ်ရာစခန်း ၈ ခုကို ရှာဖွေဖော်ထုတ်နိုင်ခဲ့သည်။

နမ့်ခမ်းမြို့နယ်အတွင်း ပန်မတီးရွာ ကျောင်းဘေး လျှိုမြောင် နှင့် လွယ်မောက်ရွာဟောင်းကြား၊ နောင်ရာဘွမ် လမ်းခွဲ မပည မ ၂၃.၈၅၇ ၂၂၊ ရ ၉၇.၈၄၃ ၁၄၃ တွင် TNLA တပ်ဖွဲ့များမှ လုံခြုံရေးပေးကာ သယ်ဆောင်လာသော ဘိန်းဖြူကုန်ကြမ်း ဓါတုပစ္စည်းများကို ၂၀၂၃ မတ်လ ၂ ရက်နေ့တွင် ကေအိုင်အေ တပ်ဖွဲ့မှ ကြားဖြတ်သိမ်းဆည်းရမိခဲ့ကာ မီးရှို့ဖျက်ဆီးလိုက်သည်။

ကွတ်ခိုင်နှင့် မူဆယ်မြို့နယ်အစပ် လုံထန်၊ ရှောက်ဟော့၊ တပ်နိုင်း၊ မန်နွယ်၊ နောင်တောင်း၊ ခါ့ဖေါက်၊ ဆီဆာ၊ လွယ်မောက်၊ မန့်ဝိန်း ကျေးရွာများ အနီးတဝိုက်တွင် လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်အဖွဲ့၏ ခေါင်းဆောင် ဦးဟော့လောဖန် နှင့် ဦးချင်ဖါ့တို့ ကမကထပြုပြီး နီးစပ်ရာ မြန်မာ့တပ်မတော်တပ်ရင်းတပ်ဖွဲ့များအား လာဘ်ငွေပေးဆောင်ကာ လည်ပတ်နေသောဘိန်းချက်စခန်း (မပည မ ၂၃.၈၃၁ ၇၀၁၊ ရ ၉၈.၂၄၁ ၉၈၅) ကို ၂၀၂၀ စက်တင်ဘာလ ၄ ရက်နေ့တွင် ကေအိုင်အေတပ်ဖွဲ့များမှဝင်ရောက်စီးနင်းကာ မီးရှို့ဖျက်ဆီးခဲ့ကြသည်။

ကွတ်ခိုင် နှင့် မူဆယ်မြို့နယ်အစပ် နမ့်မွေချောင်းရိုး လုံထန်၊ ရှောက်ဟော့၊ တပ်နိုင်း၊ မန်နွယ်၊ နောင်တောင်း၊ ခါ့ဖေါက်၊ ဆီဆာ၊ လွယ်မောက် နှင့် မန့်ဝိန်း ကျေးရွာများ အနီးတစ်ဝိုက်တွင် လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်အဖွဲ့ဝင် လုံထန်ရွာလူကြီး ဦးလီဖူလျှု နှင့် ရှောက်ဟော့ရွာလူကြီး ဦးယန်ကျင်း တို့ပါဝင်ပြီး ပြည်သူ့စစ်ခေါင်းဆောင်များဖြစ်သော ဦးဟော့လောဖန် နှင့် ဦးချင်ဖါ့ တို့ဦးဆောင်ကာ နီးစပ်ရာတပ်မတော်တပ်ရင်းတပ်ဖွဲ့ များအား လာဘ်ငွေပေးဆောင်ကာ လည်ပတ်နေသောမူးယစ်ဆေးဝါးစခန်း (မပည မ ၂၃.၈၁၈ ၇၄၊ ရ ၉၈.၁၈၀ ၂၁) အား ၂၀၂၁ မေလ ၇ ရက်နေ့တွင် ကေအိုင်အေတပ်ဖွဲ့များက ဝင်ရောက်စီးနင်းကာ မီးရှို့ဖျက်ဆီးလိုက်ကြသည်။

ကွတ်ခိုင်မြို့နယ် မန်နွယ်ကျေးရွာအနီး လုံထန်၊ ရှောက်ဟော့၊ လွယ်ကျိုင်၊ တပ်နိုင်း၊ မန်နွယ်၊ ကျောက်ဟုန်ကျိုင်၊ မန်ပိန်း၊ မန့်စယ်ကျေးရွာများနှင့် နီးစပ်ရာ မပည မ ၂၃.၇၁၉ ၁၂၈၊ ရ ၉၈.၁၈၉ ၀၂၅ တွင် တပ်မတော်နှင့် ပြည်သူ့စစ်တပ်ဖွဲ့များ ပူးပေါင်းကာ လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်ခေါင်းဆောင် ဦးဟော့လောဖန်နှင့် ဦးချင်ဖါ့ တို့ ဦးဆောင်ပြီး မူးယစ်ဆေးဝါးချက်လုပ်လျက်ရှိသည်။

ကွတ်ခိုင် နှင့် မူဆယ်မြို့နယ်အစပ် ကျောင်းခမ်းရွာအနီး လုံထန်၊ ရှောက်ဟော့၊ လေက်ကျိုင်၊ ဆီဆာ၊ ခါ့ဖေါက် ရွာများနှင့် နီးစပ်သည့်နေရာ၊ မပညမ ၂၃.၈၁၄ ၅၂၅၊ ရ ၉၈.၁၉၉ ၇၁၄ တွင် တပ်မတော် နှင့် ပြည်သူ့စစ် တပ်ဖွဲ့များ ပူးပေါင်းလုပ်ဆောင်သည့် မူးယစ်ဆေးဝါးချက်လုပ်သည့်စခန်း တည်ရှိသည်။

မန်တုံမြို့နယ် ပါလန်ဆာ၊ မန့်မော်၊ မန့်ဆာ၊ မန့်ဖွေ၊ ပန်ဆန်း၊ မန့်ဟုံ၊ ဘန့်ကန်၊ မန့်ဘုံ၊ ခိုင်အော၊ နမ့်ယွမ် ရွာများနှင့် နီးစပ်သည့် ဆိုင်ခေါင်တောင်ရိုး မပညမ ၂၃.၃၀၃ ၂၄၈၊ ရ ၉၇.၅၈၆ ၈၄၄ တွင်လည်း မူးယစ်ဆေးဝါးချက်လုပ်လျက်ရှိကြောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ဘိန်းဖြူချက်လုပ်ရာတွင် အသုံးပြုသောဓါတုကုန်ကြမ်းများကို ထိုင်းနိုင်ငံ နှင့် တရုတ်ပြည်မှ တင်သွင်းပြီး အများအားဖြင့် တရုတ်ပြည်မှ ဝင်ရောက်လာခြင်းဖြစ်ကြောင်း လေ့လာသိရှိရသည်။ ဘိန်းဖြူချက်လုပ်သည့်ပညာရှင်များမှာ တရုတ်နိုင်ငံသားများဖြစ်ကြပြီး အရင်းအနှီးစိုက်ထုတ်သည့်ငွေရှင်အများစုမှာ တရုတ်နိုင်ငံသားများဖြစ်ကာ ပြည်သူ့စစ်များမှခေါ်ယူကာ ချက်လုပ်စေခြင်းဖြစ်ကြောင်း သိရှိရသည်။ ဘိန်းဖြူထုတ်လုပ်သူအများစုမှာ တရုတ်လူမျိုးများဖြစ်ကြပြီး ပြည်သူ့စစ်တပ်ဖွဲ့များ ဖွဲ့စည်းထူထောင်ထားကြကြောင်းလည်း သိရှိရသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့နှင့် တပ်မတော် တပ်ရင်းတပ်ဖွဲ့များက အကာအကွယ်ပေးခြင်းအားဖြစ် မူးယစ်ဆေးဝါးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေကြကြောင်းကို ရှင်းရှင်းလင်းလင်းတွေ့မြင်ရသည်။



*ဓါတ်ပုံ ၃။ ၂၀၂၃ ခုနှစ် မတ်လ ၂ ရက် နမ့်ခမ်း မြို့နယ် လွယ်မောက်ရွာဟောင်း ပန်မတီး စာသင်ကျောင်း လျှို့တွင် ကေအိုင်အေတပ်ဖွဲ့များမှ ဖမ်းဆီးရမိသော ဘိန်းဖြူနှင့် ယာမ ဓါတုကုန်ကြမ်းတင်ဆောင် လာသည့် ကုန်တင်ကား*



*ဓါတ်ပုံ ၄။ ဖမ်းဆီးရမိသော ဓါတုကုန်ကြမ်းများကို ကုန်တင်ကားပေါ်မှ ချယူနေစဉ်။*



*ဓါတ်ပုံ ၅။ ဖမ်းဆီးရမိသော ဓါတုကုန်ကြမ်းများကို မီးရှို့ဖျက်ဆီးနေစဉ်။*



*ဓါတ်ပုံ ၆။ ဖမ်းဆီးရမိသောအက်ဆစ်များကို မြေတွင်းထဲသို့ သွန်ထည့်ဖျက်ဆီးနေစဉ်။*




***ဓါတ်ပုံ ၇။ ၂၀၂၃ ခုနှစ် မတ်လ ၂ ရက် နမ့်ခမ်းမြို့နယ် လွယ်မောက်ရွာဟောင်း ပန်မတီး စာသင်ကျောင်း လျှို့တွင် ကေအိုင်အေတပ်ဖွဲ့များမှ ဖမ်းဆီးရမိသော ဘိန်းဖြူနှင့် ယာမ ထုတ်လုပ်ရာတွင်အသုံးပြုသော အက်ဆစ် (Yen sawn)အမျိုးအစား***

မူဆယ် နှင့် ကွတ်ခိုင်မြို့နယ်အစပ် နမ့်မွေ ချောင်းရိုးတွင် လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်တပ်ဖွဲ့များ၏ ဘိန်းဖြူ ချက်လုပ်သည့်စခန်းအား ကေအိုင်အေတပ်ဖွဲ့ များမှ ၂၀၂၁ ခုနှစ် မေလ ၇ ရက်နေ့ စီးနင်းဖမ်းဆီးစဉ် သိမ်းဆည်းရမိသည့်ဘိန်းချက်ကိရိယာ အသုံးအဆောင်များ။



ဘိန်းဖြူ ချက်လုပ်ရာတွင် အသုံးပြုသည့် အက်ဆစ်ပုံးများ



ဘိန်းဖြူ ချက်လုပ်ရာတွင်ထည့်သည့် ဟုန်ပင် ခေါ် ဒြပ်ပေါင်းကို ချက်လုပ်ပြင်ဆင်ထားစဉ်



ဟုန်ပင် ကို အက်ဆစ်နှင့် ရောစပ်ပေါင်းခံ သည့်မီးဖို



ယီမင် ခေါ် ဒြပ်ပေါင်း ပြင်ဆင်ချက်လုပ်ရန် ဖန်ပေါင်းချောင်များကို ဂက် (စ်) မီးဖြင့် ချက်လုပ်သည်



ဘိန်းဖြူ ကို အခဲပြုထားသည့်ပုံများ



ဘိန်းဖြူ အခြောက်ခံသည့် မီးဖိုသံပြား



ဘိန်းဖြူများကို အခြောက်ခံရာတွင် အောက်ခြေ၌ ထုံးဖြူးထားပြီး အခြောက်ခံရသည်

ယ် နှင့် Ka



ဘိန်းဖြူ အခြောက်ခံပြီးနောက် သိုလှောင်ထားသည့် သိုလှောင်ရုံ

၂၀၂၀ ခုနှစ် စက်တင်ဘာလ ၄ ရက် နေ့တွင် ကေအိုင်အေတပ်ဖွဲ့ များမှ စီးနင်းသိမ်းဆည်းခဲ့သည့် ကွတ်ခိုင် နှင့် မူဆယ်မြို့နယ်အစပ် မန်စီ ချိုင့်ဝမ်းရှိ လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်တပ်ဖွဲ့ ခေါင်းဆောင် ဦး ဟော့လောဖန်း နှင့် ဦးချင်းဖါ့ တို့ ဦးဆောင်ပြီး နီးစပ်ရာ တပ်မတော် တပ်ရင်းတပ်ဖွဲ့များကို လာဘ်ငွေ ပေးဆောင်ကာလည်ပတ်နေသည့် ဘိန်းဖြူချက်စခန်း မှတ်တမ်း ဓါတ်ပုံများ



*ဓါတ်ပုံ ၈။ ကေအိုင်အို တပ်ဖွဲ့ များမှ စီးနင်းခဲ့သည် လုံထန်-ရှောက်ဟော့ ပြည်သူ့စစ်အဖွဲ့၏ ဘိန်းချက်စခန်း*



*ဓါတ်ပုံ ၉။ ချက်လုပ်ပြီးစီးထားသည် ဘိန်းဖြူများ*



*ဓါတ်ပုံ ၁၀။ အသင့်ထုပ်ပိုးထားသော ဘိန်းဖြူထုပ်များ*



*ဓါတ်ပုံ ၁၁။ ဘိန်းချက်စခန်းအား မီးရှို့ဖျက်ဆီးနေစဉ်။*




*မြေပုံ ၅။ ဘိန်းမဲ သယ်ဆောင်ဖြန့်ချီသည့် လမ်းကြောင်းများပြမြေပုံ*

## ၃။ ဘိန်း သယ်ဆောင်ဖြန့်ဖြူးခြင်း

### ၁) ဘိန်းစိမ်း သယ်ဆောင်ဖြန့်ချီသည့် လမ်းကြောင်းများ

၂၀၂၂-၂၀၂၃ ခုနှစ်အတွင်း DIFC မှ လေ့လာစုံစမ်းမှုပြုရာတွင် ဘိန်းအများဆုံး စိုက်ပျိုးထွက်ရှိသည့် နယ်မြေမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ကွမ်လုံ၊ ကွတ်ခိုင်၊ နမ့်ခမ်း၊ တန့်ယန်း နှင့် လားရှိုး မြို့နယ်များ ဖြစ်ပြီး ကချင်ပြည်နယ်တွင်မူ ဝိုင်းမော်မြို့နယ်တွင် အများဆုံးဖြစ်သည်ကိုတွေ့ရှိသည်။ ကချင်ပြည်နယ်ရှိ ဝိုင်းမော်မြို့နယ် နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ကွမ်လုံ၊ နမ့်ခမ်း၊ ကွတ်ခိုင်၊ လားရှိုး၊ တန့်ယန်း မြို့နယ်များမှ ထွက်ရှိသောဘိန်းစိမ်းများကို တရုတ်ပြည်ဖက်သို့ အများဆုံးတင်ပို့ကြသည်ကိုတွေ့ရှိရသည်။

ပူတာအို နယ်ဖက်မှ ဘိန်းစိမ်းများကိုမူ မချမ်းဘော၊ ဆွမ်ပရာဘွမ် နှင့် မြစ်ကြီးနားမြို့များသို့ သယ်ဆောင် ဖြန့်ချီကြပြီး ဆွမ်ပရာဘွမ်မြို့နယ်မှ ဘိန်းစိမ်းများကို မြစ်ကြီးနားဖက်သို့သာ အဓိက သယ်ဆောင်ဖြန့်ချီ ကြသည်။ တနိုင်း နယ်ဖက်မှ ဘိန်းစိမ်းများကိုမူ ရှင်ဘွေယန်တစ်ဝိုက် ရွှေမှော်များနှင့် တနိုင်း-ကားမိုင်း-ဖားကန့် လမ်း၊ တနိုင်း-မြစ်ကြီးနား၊ တနိုင်း-မိုးကောင်း ဘက်သို့ပို့သည်ကိုတွေ့ရှိရသည်။

ဝိုင်းမော်မြို့နယ် ဆဒုံး နှင့် ကန်ပိုင်တီဒေသများဖက်မှ ဘိန်းစိမ်းများကို ဆဒုံး-ဝိုင်းမော်-မြစ်ကြီးနား-ဖားကန့် နှင့် တနိုင်း တစ်ဝိုက်ရှိ ရွှေမှော်များ၊ မိုးကောင်း၊ မိုးညှင်း၊ ချီဖွေ စသည့်မြို့များသို့၎င်း၊ ဝိုင်းမော်-မိုးမောက်-ဗန်းမော် လမ်းကြောင်းဖြင့် ပို့ဆောင်ကြသည်။ ဆဒုံး နှင့် ကန်ပိုင်တီဒေသမှ ဘိန်းမဲများကို တရုတ်ပြည်သို့ ဖြန့်ချီသည့်လမ်းကြောင်းကို မြေပုံတွင်ရှင်းလင်းစွာ တွေ့မြင်နိုင်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ထွက်ရှိသောဘိန်းစိမ်းများကို သယ်ဆောင်ဖြန့်ချီသည့် လမ်းကြောင်း များကိုလေ့လာကြည့်လျှင် နမ့်ခမ်းမှ ဘိန်းစိမ်းများကို ပန်းဆေး-နမ့်ခမ်း-မန်စီ-ရွှေကူ နှင့် ဗန်းမော် သို့လည်းကောင်း၊ ပန်းဆေး-ရွှေကူ-စစ်ကိုင်း-မိုးညှင်း-ဖားကန့် သို့လည်းကောင်း၊ ပန်းဆေး-နမ့်ခမ်း-တရုတ်ပြည် သို့လည်းကောင်း၊ ပန်းဆေး-မူဆယ်-တရုတ်ပြည် သို့လည်းကောင်း၊ ပန်းဆေး-နမ့်ဖတ်ကာ-ကွတ်ခိုင် သို့လည်းကောင်း၊ ပန်းဆေး-သိန္နီ၊ ပန်းဆေး-ကွတ်ခိုင်-သိန္နီ-လားရှိုး-မန္တလေး သို့လည်းကောင်း စသည့်လမ်းကြောင်းများဖြင့် ဖြန့်ချီကြောင်းတွေ့ရှိရသည်။

ကွတ်ခိုင်မြို့နယ်မှ ဘိန်းစိမ်းများကို ကွတ်ခိုင်-မူဆယ်-တရုတ်ပြည် သို့လည်းကောင်း၊ ကွတ်ခိုင်မှ မုံးကိုး သို့လည်းကောင်း၊ ကွတ်ခိုင်-ပန်ဆိုင်း-တရုတ်ပြည် သို့လည်းကောင်း၊ ကွတ်ခိုင်မှ လောက်ကိုင် သို့လည်းကောင်း၊ ကွတ်ခိုင်-သိန္နီ-လားရှိုး-မန္တလေး သို့လည်းကောင်း စသည့်လမ်းကြောင်းများဖြင့် သယ်ယူပို့ဆောင်ကြသည်။

ကွမ်လုံမြို့နယ်မှ ဘိန်းစိမ်းများကိုမူ ကွမ်လုံ-လောက်ကိုင်-တရုတ်ပြည်သို့လည်းကောင်း၊ ကွမ်လုံ-ချင်းရွှေဟော်-တရုတ်ပြည်သို့လည်းကောင်း၊ ကွမ်လုံ-သိန္နီ-လားရှိုး-မန္တလေးသို့လည်းကောင်း စသည့် လမ်းကြောင်းများဖြင့် သယ်ယူပို့ဆောင်သည်ကိုတွေ့ရသည်။

လားရှိုးမြို့နယ်မှ ဘိန်းစိမ်းများကို လားရှိုး-သိန္နီ-ကွတ်ခိုင်-မူဆယ်သို့လည်းကောင်း၊ လားရှိုးမှ မန္တလေးသို့လည်းကောင်း၊ လားရှိုးမှ လောက်ကိုင်သို့လည်းကောင်း စသည့်လမ်းကြောင်းများဖြင့် ဖြန့်ချိကြပြီး တန့်ယန်းမြို့နယ်မှ ဘိန်းစိမ်းများကိုမူ တန့်ယန်း-လားရှိုး-မန္တလေးသို့လည်းကောင်း၊ တန့်ယန်း-လားရှိုး-သိန္နီ-ကွတ်ခိုင်-မူဆယ်သို့လည်းကောင်း၊ တန့်ယန်း မှ ရှမ်းပြည်နယ်တောင်ပိုင်းသို့လည်းကောင်း စသည့် လမ်းကြောင်းများဖြင့် ဖြန့်ဖြူးနေသည်ကိုတွေ့ရှိရသည်။




*မြေပုံ ၆။ ၂၀၂၂-၂၀၂၃ ခုနှစ် ဘိန်းဖြူ သယ်ယူပို့ဆောင်ရာ လမ်းကြောင်းများပြမြေပုံ*

## ၂) ဘိန်းဖြူ သယ်ဆောင်ဖြန့်ချီရာလမ်းကြောင်း

ဘိန်းဖြူ သယ်ဆောင်ဖြန့်ချီရာလမ်းကြောင်းများကို သုတေသနပြုလေ့လာရာတွင် လုံခြုံရေးအခြေအနေများကြောင့် ထိထိရောက်ရောက်သုတေသနပြုနိုင်ခြင်း မရှိပေ။ သို့သော် ရှမ်းပြည်နယ်မြောက်ပိုင်း ပြည်သူ့စစ်အဖွဲ့များအုပ်ချုပ်ရာနယ်မြေများတွင် ဘိန်းဖြူနှင့် ယာမ ဈေးနှုန်းမှာ အခြားဒေသများထက်များစွာ ဈေးပေါရုံသာမက၊ ထို ဒေသခံများကိုလူတွေ့မေးမြန်းရာမှ ပြောဆိုချက်များနှင့် မူးယစ်ဆေးချက်လုပ်သည့် စခန်းများ၏တည်ရှိနေရာမြေပုံများကို ဆန်းစစ်ကြည့်လျှင် မူးယစ်ဆေးဝါး အများစုသည် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ အများဆုံးထွက်သည်ဟု မှတ်ချက်ပြုယူဆနိုင်သည်။

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှ ဘိန်းဖြူနှင့် ယာမများကို အဓိကဖြန့်ချီသည့်လမ်းကြောင်းသည် နမ့်ခမ်း နှင့် မန္တလေးမြို့မှတဆင့် ကချင်ပြည်နယ် ဗန်းမော်၊ ဟိုပင်၊ ဖားကန့်၊ မြစ်ကြီးနား၊ မိုးကောင်း၊ ဝိုင်းမော်၊ ဆဒုံး၊ ကန်ပိုင်တီ၊ ချီဖွေ၊ ဆွမ်ပရာဘွမ်၊ အင်ဂျန်းယန်၊ ပူတာအို၊ နောင်မွန်း၊ တနိုင်း စသည့်မြို့များသို့ ရောက်ရှိလာသည်။ ကချင်ပြည်နယ်ရှိ ဟိုပင်မြို့တွင် ရောင်းချသည့်ဘိန်းဖြူဈေးနှုန်းမှာ အခြားဒေသများထက် အဆမတန်လျော့နည်းသည်ကိုတွေ့ရှိရသည်။ သယ်ယူဖြန့်ချီခြင်း လမ်းကြောင်းပြမြေပုံနှင့် လူတွေ့မေးမြန်းဖြေဆိုသူအများစု၏ ဖြေကြားချက်များအရ ဘိန်းဖြူနှင့် ယာမ ထွက်ရှိရာဒေသမှာ ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်း၊ မူဆယ်နှင့် ကွတ်ခိုင် ဒေသတဝိုက်မှ ထွက်ရှိသည်ဟုပြောသည်။

ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဘိန်းဖြူ သယ်ယူဖြန့်ချီသည့် အဓိကလမ်းကြောင်းမှာ ရှောက်ဟော့၊ လောက်ကျိုင်၊ လုံထန်မြို့မှ ဒပ်နိုင်း-တီမာ-မူဆယ်-တရုတ်ပြည်သို့လည်းကောင်း၊ ဒပ်နိုင်း-တီမာ-ကွတ်ခိုင်-သိန္နီ-လားရှိုး-မန္တလေး-စစ်ကိုင်း-မိုးညှင်း-ဖားကန့်သို့လည်းကောင်း၊ တနိုင်း၊ ဆွမ်ပရာဘွမ်၊ ပူတာအို၊ ထိုမှ တဆင့် ပူတာအို-မချမ်းဘော၊ နောင်မွန်းမြို့နယ်များအထိ ရောက်လာသည်ကို လေ့လာတွေ့နိုင်သည်။ ထို့အပြင် မန်ပြိန်း မှတဆင့် မုံးစီး-ကွမ်လုံ-ချင်းရွှေဟော်-တရုတ်ပြည်သို့လည်းကောင်း၊ နောင်တောင်းပါ-နောင်ခမ်း-မုံးကိုး နှင့် ဆီဆာရွာ မှတဆင့် ခါ့ဖေါက်-မုံးစီး-လောက်ကိုင်-တရုတ်ပြည် လမ်းကြောင်းများမှ သယ်ယူဖြန့်ချီ ကြသည်။ လွယ်မောက် မှ စယ်လန့်-နမ်ခမ်း-မူဆယ်-တရုတ်ပြည်၊ သို့မဟုတ် လွယ်မောက်-နမ့်ဖတ်ကာ-ကွတ်ခိုင်-သိန္နီ-လားရှိုး-မန္တလေး သို့မဟုတ် ရှမ်းပြည်နယ်တောင်ပိုင်းဒေသသို့ သယ်ယူပို့ဆောင်ကြသည်။ ထို့အပြင် လွယ်မောက် မှ စယ်လန့်-နမ်ခမ်း-ရွှေကူ-မိုးညှင်း လမ်းကြောင်း မှတဆင့် ဟိုပင်၊ မိုးကောင်း၊ ဖားကန့်၊ မြစ်ကြီးနား စသည့် မြို့များသို့ ဖြန့်ချီကြသည်။

ဆိုင်ခေါင် တောင်ရိုးမှ ထွက်ရှိသည်များကို လားရှိုး-မန္တလေး နှင့် ရှမ်းပြည်နယ်တောင်ပိုင်းဒေသများသို့ သယ်ယူဖြန့်ချီကြကြောင်း တွေ့ရှိရသည်။ ထို့နောက် ဆိုင်ခေါင် တောင်ရိုး-သိန္နီ-ကွမ်လုံ-ချင်းရွှေဟော်-တရုတ်ပြည် လမ်းကြောင်းနှင့် ကွတ်ခိုင်-တာမိုးညဲ-ကောင်းခါး-မုံးစီး-လောက်ကိုင် နှင့် ကွတ်ခိုင်-မူဆယ်-နမ့်ခမ်း စသည့်လမ်းကြောင်းမှလည်း သယ်ယူပို့ဆောင်မှုရှိကြောင်း လေ့လာသိရှိရသည်။

အထက်ပါ ဘိန်းဖြူ သယ်ယူဖြန့်ချီခြင်း၏ အဓိက မြစ်ဖျားခံရာဒေသမှာ ကွမ်လုံ၊ တာမိုးညဲ၊ ပန်းဆေး၊ လုံထန်၊ ရှောက်ဟော့မြို့များရှိ တပ်မတော်မှထိန်းချုပ်ထားသော ပြည်သူ့စစ်အဖွဲ့များအုပ်ချုပ်ရာ နယ်မြေများဖြစ်သည်ကို တွေ့ရှိရသည်။




*မြေပုံ ၇။ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချရာ နေရာများပြ မြေပုံ၊ ၂၀၂၂-၂၀၂၃*

## ၄။ မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်း

မူးယစ်ဆေးဝါး ဖြန့်ဖြူးရောင်းချခြင်းများကို သုတေသနပြုလေ့လာရာတွင် တပ်မတော်မှ နိုင်ငံတော် အာဏာသိမ်းယူလိုက်သည့် ၂၀၂၁ ခုနှစ် နောက်ပိုင်းတွင် ပိုမိုလွတ်လပ်စွာ လုပ်ကိုင်လာကြသည့်အပြင် KTV နှင့် night-club စသည့် အပျော်အပါး ဝန်ဆောင်မှုလုပ်ငန်းများတွင် ketamine, ecstasy နှင့် happy-water အစရှိသည့် နောက်ဆုံးပေါ်တန်ဖိုးမြင့် မူးယစ်ဆေးဝါးများကို ဖေါဖေါ်သီသီ ရောင်းဝယ်နေကြသည်ကို တွေ့ရှိရသည်။

မူးယစ်ဆေးဝါး ဖြန့်ချီရောင်းချသူများသည် မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ BGF၊ ပြည်သူ့စစ်အဖွဲ့များနှင့် အုပ်ချုပ်ရေးမှူးများ၏ ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ကြကြောင်း လေ့လာတွေ့ရှိရသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖေါက်ကားသူအမျိုးမျိုးရှိကြရာ အချို့က အရင်းအနှီးကြီးကြီးမားမား စိုက်ထုတ်ပြီး လက်ကားရောင်းဝယ်သည်၊ အချို့က သယ်ယူပို့ဆောင်ဖြန့်ချီသူ၊ အချို့က နေရာသတ်မှတ်ကာ အခြေချ ရောင်းဝယ်ဖေါက်ကားသူ စသဖြင့် ရောင်းချကြသည်ကိုတွေ့ရှိရသည်။ လက်ကားဖြန့်ချီသည့် ကုန်သည်များမှာ အစိုးရအုပ်ချုပ်ရေးအာဏာပိုင်များ၊ မြန်မာ့တပ်မတော်အရာရှိများ၊ ရဲတပ်ဖွဲ့များ၊ BGF နှင့် ပြည်သူ့စစ် စသည့်တပ်ဖွဲ့ များအား လာဘ်ငွေ များစွာပေးဆောင်ပြီး လုပ်ငန်းလည်ပတ်ကြကြောင်း တွေ့ရှိရသည်။ ထိုနည်းတူ လက်လီ ရောင်းဝယ်ဖောက်ကားသူများသည်လည်း ရဲတပ်ဖွဲ့ နှင့် အုပ်ချုပ်ရေး အာဏာပိုင်အဆင့်ဆင့်ကို လာဘ်ငွေပေးဆောင်ကြကြောင်း သိရှိရသည်။

အများအားဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖြန့်ချီသူများသည် ရဲတပ်ဖွဲ့ နှင့် အဆက်အသွယ်ရှိကြကာ အခြေအနေမကောင်းသည့်အခါ ရဲတပ်ဖွဲ့မှ ကြိုတင်သတင်းပေးလေ့ရှိကြသည်။ နေပြည်တော်မှ အထူး မူးယစ်နှိမ်နှင်းရေးအဖွဲ့များ လာရောက်သည့်အခါ မူးယစ်ဆေးဝါးရောင်းချသူများကို ရဲတပ်ဖွဲ့မှ ကြိုတင် သတင်းပေးမှုကြောင့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်တရားခံများအား ဖမ်းဆီးနိုင်ခြင်းမရှိကြောင်း ကိုလည်းသိရှိရသည်။

မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားရာတွင် အချို့က လုပ်ခစားအနေဖြင့် ရောင်းဝယ်ကြပြီး၊ အချို့မှာ ပွဲစားများဖြစ်ကာ အချိုးကျ အမြတ်ဝေစု ရယူကြကြောင်းတွေ့ရှိရသည်။ အချို့မှာ မိမိကိုယ်တိုင်သုံးစွဲပြီး စရိတ် ထေမိစေရန် ရောင်းချကြခြင်းလည်းရှိကြသည်။ ရောင်းဝယ်ဖောက်ကားသူများမှာ မိမိအဆင်ပြေ လုံခြုံသည်ဟုယူဆသောနေရာတွင် ရောင်းချကြသည်။ မူးယစ်ဆေးဝါးရောင်းချသူများသည်လည်း သက်ဆိုင်ရာ အုပ်ချုပ်ရေးအာဏာပိုင်များ၊ ရဲတပ်ဖွဲ့၊ တပ်မတော် တပ်ရင်းတပ်ဖွဲ့များမှ စိတ်ကြိုက် တောင်းခံသော လာဘ်ငွေပေးဆောင်ကာ ရောင်းချကြကြောင်းသိရသည်။

*"၂၀၁၆ အရင်ကဆိုရင် အောက်ခြေကနေပြီး အထက်လူကြီးအတွက် ပိုက်ဆံ ပေးရတယ်။ မြို့နယ်မှူး၊ စခန်းမှူးတို့ဆိုတာ အပြင်ကိုသိပ်မထွက်ဘူး။ နယ်ထိန်းရဲတွေကပဲ ပိုက်ဆံလိုက်ကောက်ပြီး ပေးရတယ်။ နောက်ပိုင်းကျတော့ အထက်ကပြောတဲ့အတိုင်းပဲ ပိုက်ဆံတောင်းရတယ်။ မူးယစ်ဆေးဝါးရောင်းတဲ့ ဘယ်အိမ်ကို ဘယ်လောက်တောင်း၊ ဘယ်ဖဲဝိုင်းမှာ ဘယ်လောက်တောင်းဆိုပြီး ထိန်းချုပ်လာတယ်။ လောပန်းတွေက အထက်လူကြီးတွေနဲ့ချိတ်ဆက်ပြီး လာဘ်ထိုးထားတဲ့အတွက်ကြောင့်ပေါ့။"*

*ရဲအရာရှိ တစ်ဦး၊ မြစ်ကြီးနား*

အထက်ပါ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချသည့်နေရာပြမြေပုံကို လေ့လာကြည့်လျှင် ကချင်ပြည်နယ်အတွင်း မြစ်ကြီးနား၊ ဝိုင်းမော်၊ ဝါးရှောင်၊ ဖာကန့်၊ ဟိုပင်၊ မိုးကောင်း၊ မိုးညှင်း၊ ဗန်းမော်၊ တနိုင်း၊ ဆွမ်ပရာဘွမ်၊ ပူတာအိုဒေသများတွင် အများဆုံးဖြစ်သည်ကို တွေ့ရှိရသည်။ ထို့အပြင် အခြားမြို့ရွာများ၌လည်း မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုရှိကြသည်သာ ဖြစ်သည်။ မူးယစ်ဆေးဝါးကို အတားအဆီးမရှိ ရောင်းဝယ်ဖောက်ကားနိုင်သည့်နေရာများမှာ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ အစိုးရမှအုပ်ချုပ်သည့် စီးပွားရေးနယ်မြေများနှင့် မြို့ကြီးများတွင်ဖြစ်သည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင်မူ မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင် မြို့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့များ အုပ်ချုပ်ရာနယ်မြေများတွင် မူးယစ်ဆေးဝါးကို လွယ်လင့်တကူ ဝယ်ယူရရှိနိုင်ကြောင်းတွေ့ရှိရသည်။ ထို နယ်မြေများတွင် ပြည်သူ့စစ်တပ်ဖွဲ့များ၏ အရိပ်အာဝါသအောက်တွင် လွတ်လပ်စွာ ရောင်းဝယ်ဖောက်ကားနေကြခြင်းဖြစ်သည်။ အဓိက ထုတ်လုပ်ဖြန့်ဖြူးနေသူများမှာ တရုတ်နိုင်ငံသားလုပ်ငန်းရှင်များနှင့် ပြည်သူ့စစ်အဖွဲ့ အစည်းများ ဖြစ်ကြကြောင်းကိုလည်း သိရှိရသည်။ ယင်း တရုတ်နိုင်ငံသားလုပ်ငန်းရှင်များနှင့် ပြည်သူ့စစ်အဖွဲ့အစည်းများကို တပ်မတော်မှ လုပ်ကိုင်ခွင့်ပြုကာ အကာအကွယ်ပေးထားခြင်းဖြစ်သည်။

*"တပ်ကလည်း သူတို့သဘောတူညီမှုမပါပဲ လူဖမ်းလို့ရှိရင် ကျနော်တို့ရဲတွေကို ရာထူးချတာတွေရှိတယ်။ ပြည်နယ်အဆင့် ရဲအရာရှိကိုဖြုတ်ချလိုက်တဲ့ အဖြစ်အပျက်တစ်ခုကတော့ လွန်ခဲ့တဲ့ ၂၀၁၉-၂၀၂၀ ခုနှစ်မှာ ရဲဗိုလ်မှူး တစ်ဦး ဦးဆောင်ပြီးတော့ ပြည်သူ့စစ်နယ်မြေထဲက ဘိန်းချက်စခန်း ၃ ခုကို ဝင်သိမ်းပြီးဖျက်ဆီးလိုက်တော့ အဲဒီ ရဲဗိုလ်မှူးကို နေပြည်တော်ပြောင်းလိုက်ပြီး၊ နောက် ၆ လလောက်ကြာတော့ သူ့ကို တခြားအမှုနဲ့ ရာထူးချလိုက်ကြတယ်။"*

*CDM ရဲအရာရှိ တစ်ဦး၊ မြစ်ကြီးနား*

မူးယစ်ဆေးဝါးကို စီးပွားဖြစ်အကြီးအကျယ်လုပ်နေတဲ့ လုပ်ငန်းရှင်များကို ဖမ်းဆီးရမိခြင်း၊ အကျဉ်းချခြင်းများ သိပ်မရှိပေ။ မူးယစ်ဆေးဝါးအမှုဖြင့် ထောင်ကျနေသူများမှာ အများအားဖြင့် ကိုယ်တိုင်သုံးစွဲရောင်းချသော လက်လီသမားများသာဖြစ်ကြောင်းတွေ့ရသည်။ အကျဉ်းထောင်များအတွင်း၌ မူးယစ်ဆေးဝါးကို အပြင်ဈေးနှုန်းထက် ၂ ဆ ၃ ဆ တင်ကာ ရောင်းဝယ်ကြခြင်းလည်းရှိသည်ကို တွေ့ရသည်။ အကျဉ်းထောင်များအတွင်း မူးယစ်ဆေးဝါး အဓိက ဖြန့်ချီနေသူများမှာ အကျဉ်းထောင်ဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များ ဖြစ်ကြသည်ကိုသိရှိရပါသည်။

> *"သတင်းကြားလို့သွားဖမ်းရင် သက်သေခံပစ္စည်းတွေ မတွေ့တော့ဘူး ပိုင်ရှင်မဲ့တွေဖြစ်သွားရော။ ကျနော်တို့ ရဲတပ်ဖွဲ့အထဲကနေ သတင်းပေးလိုက်လို့ပေါ့။ ကျတော်တို့သုံးတဲ့ သတင်းပေးတွေကလည်း သူတို့နဲ့ပေါင်းပြီးတော့ ကျနော်တို့ကိုလည်းသတင်းပေးတယ်၊ ကျနော်တို့လာမယ်ဆိုတာကိုလည်း သူတို့ဆီကို သတင်းပေးတဲ့သဘောရှိတယ်။ ရဲလုပ်ထုံးလုပ်နည်းအရ မှန်နေရင်တောင်မှ အထက်ကခွင့်မပြုရင် ဖမ်းလို့မရဘူး။ မှန်ကန်ကောင်းမွန်တဲ့ကိစ္စ မို့လို့ တာဝန် ရှိတဲ့အတိုင်း လုပ်ခဲ့ရင်လည်း အထက်လူကြီးတွေက ကိုယ့်ကို ဒုက္ခပြန်ပေးတာကြုံဖူးတယ်။ အထက်လူကြီးတွေ လာဘ်ငွေယူထားပြီးတဲ့သူကို သွားဖမ်းမိရင်မလွယ်ဘူး။"*

*CDM ရဲ အရာရှိ တစ်ဦး၊ မြစ်ကြီးနား*

## ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကေအိုင်အိုမှ ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးများ

၂၀၂၂ ခုနှစ် ဖမ်းဆီးရမိသော မူးယစ်ဆေးဝါးစာရင်းကို ကြည့်လျှင် ၂၀၂၁ ခုနှစ် ရောင်းဝယ်ဖေါက်ကားမှုထက် များစွာမြင့်တက်လာသည့် အရိပ်လက္ခဏာကိုတွေ့ရသည်။ ၂၀၂၁-၂၀၂၂ ခုနှစ်အတွင်း ကေအိုင်အိုမှဖမ်းဆီးရမိသော မူးယစ်ဆေးဝါးအမျိုးအစားအရေအတွက်များကို အောက်ပါဇယားများအတိုင်း တွေ့ရှိရသည်။ ၂၀၂၁ ခုနှစ်တွင် ယာမ ဆေးပြားပေါင်း ၂,၃၈၃,၄၀၆ နှင့် ၂၀၂၂ ခုနှစ်တွင် ၇၅၀,၉၄၅ ကို သိမ်းဆည်းရမိခဲ့သည်။




| | ဘိန်းစိမ်း (ပိဿာ) | ခတ်ပုံ (အထုပ်) | ခတ်ပုံ (အလုံး) | ဘိန်းဆီ (အခဲ) | ပိတ်စဘိန်း (ပိဿာ) |
|---|---|---|---|---|---|
| ၂၀၂၁ | ၄၄.၂၁၅ | ၅ | ၆ | ၈ | |
| ၂၀၂၂ | ၂၆.၆၉ | ၁၃ | | ၃၆ | ၄.၈ |
| | | | | | |

*ဇယား ၁၀။ ၂၀၂၁-၂၀၂၂ နှစ်များအတွင်း ကေအိုင်အိုမှ ဖမ်းဆီးရမိခဲ့သော ဘိန်းမဲများစာရင်း*




| | ဆပ်ပြာခွက် | Lipo အချိုရည်ပုလင်း | ပုလင်း | အထုတ် | အချိုရည်ပိုက် | တိုက်ငါးလုံး |
|---|---|---|---|---|---|---|
| ၂၀၂၁ | ၄၃၀ | ၄၃ | ၂၀၀ | | ၂၉ | ၆ |
| ၂၀၂၂ | ၃၁၇၃ | | ၄၁၁ | ၂ | ၂၆၂ | ၆ |

*ဇယား ၁၁။ ၂၀၂၁-၂၀၂၂ နှစ်များအတွင်း ကေအိုင်အိုမှ ဖမ်းဆီးရမိသော ဘိန်းဖြူစာရင်း*

## ၅။ မူးယစ် ဆေးဝါး သုံးစွဲမှု

မူးယစ်ဆေးဝါး သုံးစွဲသူအများစုမှာ ရွှေမော်၊ ကျောက်စိမ်းမော်၊ ပယင်းမော် နှင့် မြေရှားဒြပ်စင် တူးဖော်ရေး လုပ်ငန်းများတွင် လုပ်ကိုင်နေသူ၊ မိသားစု ပြဿနာရှိသူ၊ တက္ကသိုလ်ကျောင်းသားများ၊ အလုပ်လက်မဲ့ လူငယ်များ၊ ခန္ဓာကိုယ်အရင်းအနှီးပြုအသက်မွေးသည့် အမျိုးသမီးများ၊ အနုပညာရှင်များ နှင့် KTV များတွင် လုပ်ကိုင်သည့်လုပ်သားများဖြစ်ကြသည်။ မူးယစ်ဆေးဝါးသုံးစွဲသူများတွင် အသက်ငယ်သည့် လူငယ်လူရွယ်များနှင့် တက္ကသိုလ်ကျောင်းသားများ အများစုဖြစ်သည်။

မူးယစ်ဆေးဝါးသုံးစွဲလာရခြင်း အဓိက နောက်ခံအကြောင်းရင်းမှာ စမ်းသပ်လိုခြင်း၊ အပျော်ရှာခြင်း၊ မူးယစ်ဆေးဝါးအလွယ်တကူရရှိနိုင်ခြင်း၊ ငွေကြေး အလွယ်တကူရရှိခြင်း နှင့် တည်ငြိမ်သော ပုံမှန်အလုပ်အကိုင်မရှိခြင်း တို့ကြောင့်ဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲရာတွင် ရှူရှိုက်ခြင်းထက် သွေးကြောအတွင်းသို့ ထိုးသွင်းခြင်း ပိုမိုများပြားလာသည်ကို တွေ့ရှိရသည်။

ကချင်ပြည်နယ်အတွင်း ဘိန်းမဲသုံးစွဲမှုအများဆုံးဒေသမှာ တနိုင်း၊ ဆဒုံး၊ ကန်ပိုင်တီ၊ နှင့် ဆွမ်ပရာဘွမ် ဒေသများဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင်မူ ကွတ်ခိုင်၊ ကွမ်လုံ၊ လားရှိုး၊ တန့်ယန်း၊ နှင့် ပန်းဆေး ဒေသများတွင် အများဆုံးဖြစ်သည်။ မြစ်ကြီးနား၊ ဝိုင်းမော်၊ ပူတာအို၊ ဖားကန့်၊ ဟိုပင်၊ မိုးညှင်း၊ မိုးကောင်း၊ အင်းတော်ကြီး၊ ဗန်းမော်၊ မိုးမောက်၊ လွယ်ဂျယ် စသည့် မြို့ရွာဒေသများတွင် ဘိန်းဖြူနှင့် ယာမကို အဓိက သုံးစွဲကြသည်။ ဘိန်းဖြူရောင်းချသူများကလည်း ဆေးထိုးအပ်တွင်ဘိန်းဖြူအသင့်ထည့်ပြီး ရောင်းချပေးခြင်းများလည်း ရှိကြသည်။ မြို့ပြဒေသများရှိ မူးယစ်ဆေးဝါးသုံးစွဲသူအများစုမှာ လူငယ်များနှင့် ကျောင်းသားများဖြစ်ကြသည်ကို တွေ့ရှိရသည်။




*ဓါတ်ပုံ ၁၂။ သွေးကြောအတွင်းသို့ ဘိန်းဖြူ ထိုးသွင်း နေစဉ်၊ ၂၄/၉/၂၀၁၃*

မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် မိသားစု၊ လူမှုအသိုက်အဝန်းများပြိုကွဲခြင်း၊ စိတ်ဓါတ်နှင့် ကိုယ်ကျင့်တရား ပျက်စီးခြင်း၊ အကျဉ်းကျခံရခြင်း၊ အသက်သေဆုံးခြင်း၊ ကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေး ထိခိုက် ပျက်စီးခြင်း အကျိုးဆက်များ ဖြစ်ပေါ်လာသည်။

> *"အရပ်ထဲမှာ အမျိုးသားတွေ၊ လူငယ်တွေ ဘိန်းမဲ သုံးစွဲတာ ရှိတော့ ရှိတယ်၊ ဒါပေမဲ့ ဘိန်းဖြူနဲ့ ယာမ ကို ပိုပြီး သုံးကြတာကို တွေ့ရတယ်။ ရွာသား တချို့ ဘိန်းဖြူသုံးစွဲပြီး အသက်သေဆုံးတာ၊ ရောဂါ ကူးစက်တာတွေ ဖြစ်နေတယ်လို့ သိရတယ်။ ကိုယ့်ဒေသက ဆေးစွဲနေတဲ့ လူတွေကို မြစ်ကြီးနား၊ ဝိုင်းမော်မြို့တွေက ဆေးဖြတ်စခန်းတွေဆီပို့ဖို့ ဆေးစစ်လိုက်ရင် အများစု၊ ၇၅% လောက်က HIV/AIDS၊ အသဲရောင် အသားဝါ B သို့မဟုတ် C ကူးစက် နေတာတွေ့ရတယ်။"*

*ဒေသခံ ပြည်သူ တစ်ဦး၊ ဆဒုံး*

မူးယစ်ဆေးစွဲသူ အားလုံးနီးပါးသည် လုံးဝ ဆေးပြတ်သွားအောင်ဖြတ်ရန် အင်မတန် ခက်ခဲကြသည်။ တစ်ခါ ဆေးဖြတ်ပြီး ပြန်လည်သုံးစွဲကြသူများသည် ယခင်က သုံးစွဲသည့် အတိုင်းအတာထက် ဆတိုး သုံးစွဲတတ်ကြ သည်ကို တွေ့ရှိရသည်။ ဤအဖြစ်အပျက်အခြေအနေများကို လေ့လာသုံးသပ်ကြည့်လျှင် ပုံမှန်အလုပ် အကိုင်မရှိခြင်း၊ မူးယစ်ဆေးဝါးကို လွတ်လွတ်လပ်လပ် လွယ်ကူစွာရရှိနိုင်ခြင်း၊ မြို့ရွာအုပ်ချုပ်သူ

အာဏာပိုင်များမှ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို ထိရောက်စွာဖော်ဆောင်မှုမရှိခြင်း နှင့် မူးယစ်ဆေးစွဲသူများကို လူ့အသိုင်းအဝိုင်းမှ မှန်ကန်သည့် လမ်းညွှန်ထိန်းကျောင်းမှု အားနည်းခြင်း တို့ကြောင့် ဖြစ်သည်ဟုတွေ့ရှိရသည်။ အထူးသဖြင့် အစိုးရမှ မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ခိုင်မာသည့် ဥပဒေပြဋ္ဌာန်းကာ အကောင်အထည်ဖော်အရေးယူဆောင်ရွက်မှုများတွင် အားနည်းခြင်း နှင့် စစ်အုပ်ချုပ်ရေး ယန္တရားတွင် အဂတိလိုက်စားမှုများပြားခြင်းတို့ကြောင့်ဖြစ်သည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် တပ်မတော်မှ နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက်ပိုင်းတွင် ဘိန်း နှင့် မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ ဖြန့်ချီရောင်းဝယ်ခြင်းများ ပို၍တွင်ကျယ်လာသည်သာမက KTV နှင့် night-club များ ပိုမိုများပြားလာပြီး ယင်း KTV နှင့် night-club များတွင် E၊ K၊ နှင့် happy water အစရှိသည့် မူးယစ်ဆေးဝါးအမျိုးမျိုးကို လွတ်လပ်စွာရောင်းချလာကြသည်။ ၂၀၁၇-၂၀၁၈ ခုနှစ်များမှစတင်ကာ မူဆယ်၊ လောက်ကိုင်၊ ဝပြည် တို့နှင့် ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီး များတွင် E၊ K၊ နှင့် happy water စသည်တို့ကို ရောင်းချနေမှုများ ရှိလာခဲ့ပြီး ၂၀၂၂ ခုနှစ်ဝန်းကျင်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဖားကန့် မြို့များသို့ ပျံ့နှံ့ရောက်ရှိလာသည်။

KTV နှင့် night-club များ ဖွင့်လှစ်နိုင်ရန် တပ်မတော်အရာရှိများ၊ ရဲအရာရှိများ၊ နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီ (နစက) အစိုးရဌာနများကို လာဘ်ငွေ ပေးဆောင်ရသည်။ အချို့ KTV နှင့် night-club များမှာ မြန်မာ့တပ်မတော်အရာရှိများ၊ ရဲအရာရှိကြီးများ၊ ပြည်သူ့စစ်တပ်ဖွဲ့များ နှင့် လက်နက်ကိုင်တပ်ဖွဲ့ အချို့မှ အကြီးအကဲများနှင့် လုပ်ငန်းရှင်များ ပူးပေါင်းဖွင့်လှစ်ထားသည်များလည်း ရှိသည်။

> *"KTV တိုင်း လိုလို ဗမာစစ်တပ်က လူကြီးတွေနဲ့ပေါင်းပြီး ဖွင့်ကြတာများတယ်။ ဒါကြောင့် လွတ်လွတ်လပ်လပ်ပဲ၊ နိုင်ငံရေး အခြေအနေမကောင်းရင်လဲ နေ့ရော ညပါ ဖွင့်လို့ရနေတာပေါ့။ K တို့၊ E တို့ ဆိုတာကလည်း KTV တွေမှာ လွတ်လွတ်လပ်လပ် သုံးစွဲလို့ရနေတာပဲလေ။KTV ဖွင့်ဖို့ကလည်း ပိုက်ဆံအများကြီးပေးရတာပဲ။ ရပ်ရွာလူကြီး၊ အုပ်ချုပ်ရေးအာဏာပိုင်၊ ရဲ၊ စစ်တပ်၊ ဌာနဆိုင်ရာအမျိုးမျိုးကို ပိုက်ဆံပုံပေးပြီး ဖွင့်ထားတာဆိုတော့ K တို့၊ E တို့ကို KTV ထဲမှာရောင်းနေရင်လည်း ဘယ်သူမှမဖမ်းဘူး။"*

*KTV ဝန်ထမ်း တစ်ဦး၊ မြစ်ကြီးနား*

E၊ K၊ happy water စသည်တို့မှာ တန်ဖိုးကြီးမားသည့်အတွက် ငွေကြေးချမ်းသာသူများ၊ အစိုးရအရာရှိများ နှင့် လူငယ်ပိုင်းအများဆုံး သုံးစွဲကြသည်ကိုတွေ့ရှိရသည်။ ဤ မူးယစ်ဆေးဝါးများ၏ဈေးနှုန်းမှာ အနည်းဆုံး ၈၀,၀၀၀ ကျပ်မှ ၁၀ သိန်း၊ သိန်း ၂၀ ခန့်အထိကုန်ကျနိုင်သည်။ ပြည်သူအများစုမှာ လက်ရှိနိုင်ငံရေး

အကျပ်အတည်းဒဏ်များခံစားရခြင်းကြောင့် စိတ်ပျော်ရွှင်မှုမရှိသည့်အတွက် စိတ်ဖိစီးမှုများအား အပန်းဖြေနိုင်ရန် KTV များတွင် E သို့မဟုတ် K မှီဝဲ သုံးစွဲမှု ပိုမိုမြင့်တက်လာသည်ကိုတွေ့ရသည်။

လူငယ်အများစုမှာ ငွေကြေးမတတ်နိုင်ကြသဖြင့် ငွေကြေးသုံးဖြုန်းနိုင်သူများမှ ဖိတ်ခေါ်သည့်အခါ အချိန်ပေးပြီး စိတ်ဖြေကြကာ အပျော်အပါးနောက်လိုက်ပါယစ်မူးနေသည့် အမျိုးသမီးငယ်များ ပိုမိုများပြားလာသည်ကိုတွေ့ရှိရသည်။ KTV၊ night-club များတွင် E၊ K၊ နှင့် happy water များကိုသုံးစွဲပြီး ယောက်ျား-မိန်းကလေး ထွေးရောယှက်တင်ပျော်မြူးကခုံကြလေရာမှ ကာမေသု မှားယွင်းမှုများအထိ မလိုလားအပ်သော အကျိုးဆက်များဖြစ်ပေါ်လာပြီး အချို့မလိုချင်သောကိုယ်ဝန်ရှိလာခြင်း၊ ကိုယ်ဝန်ဖျက်ချခြင်းများလည်း အဆမတန်များပြားလာသည်။ E၊ K၊ နှင့် happy water သုံးစွဲခြင်းများကြောင့် ဖြစ်ပေါ်လာနိုင်သည့် လူမှုရေးဆိုးကျိုးများမှာ စိတ်ဓါတ် စာရိတ္တ ပျက်စီးခြင်း၊ ရောဂါကူးစက်ခြင်းကြောင့် လူထုအတွင်း ကျန်းမာရေးပြဿနာများဖြစ်ပေါ်လာနိုင်သည်။

## ၆။ မူးယစ်ဆေးဝါး ပြဿနာ လျှော့ချ နိုင်ရန် အကောင်အထည် ဖော်ဆောင်မှု

မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး ပြဿနာလျှော့ချနိုင်ရန် ကေအိုင်အို၊ EAOs များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ Pat Jasan အဖွဲ့များ၊ NGO/CSO များနှင့် INGO များကလည်း မိမိတတ်အားသမျှ အားထုတ်ကြိုးစားနေကြသည်သာဖြစ်သည်။ ကေအိုင်အို အနေဖြင့် မူးယစ်ဆေးဖြတ်စခန်းများဖွင့်လှစ်ကာ ဆေးဖြတ်ပေးခြင်း၊ မူးယစ်ဆေးဝါးလုပ်ကိုင်သူများကို ဖမ်းဆီးအရေးယူခြင်းများ ဆောင်ရွက်လျက်ရှိသည်။ UN နှင့် INGO များမှလည်း အန္တရာယ်လျှော့ချရေးအစီအစဉ်များ၊ ကုသရေးအစီ အစဉ်များ၊ ဆေးဖြတ်စီမံကိန်းများ၊ ပညာပေး အစီအစဉ်များ ဆောင်ရွက်လျက်ရှိကြသည်။ ဘာသာရေးအသင်းအဖွဲ့များ နှင့် Pat Jasan အဖွဲ့ များ အနေဖြင့်လည်း မိမိအသင်းအဖွဲ့ လက်လှမ်းမီသလောက် ပညာပေးဟောပြောခြင်း၊ ဆေးဖြတ်ပေးခြင်း လုပ်ငန်းများ ဆောင်ရွက်နေကြသည်ကိုတွေ့ရှိရသည်။

INGO အဖွဲ့အစည်းအချို့က ကူးစက်ရောဂါအန္တရာယ်လျှော့ချနိုင်ရန်ရည်ရွယ်ပြီး ဆေးထိုးအပ်များဝေငှပေးနေရာ မူးယစ်ဆေးဝါးရောင်းချသူများက ဘိန်းဖြူကိုဆေးထိုးအပ်တွင် အသင့်ထည့်ပြီး ရောင်းချကြသည်ကို တွေ့ရှိရပါသည်။ ထိုသို့ ဆေးထိုးအပ် အသင့်ရောင်းချပေးမှုကြောင့် ဘိန်းဖြူကို ရှူရှိုက်ခြင်းထက် ထိုးသွင်းခြင်း ပိုမိုများပြားလာသည်ကိုတွေ့ရှိရသည်။ ဆေးထိုးအပ်ဖြန့်ဝေပေးခြင်းသည် ကျန်းမာရေးရှုထောင့်မှ ရောဂါကူးစက်မှုကို ကာကွယ်ပေးနိုင်သည်မှာမှန်သော်လည်း ဘိန်းဖြူထိုးသည့်အလေ့အထကို အားပေးရာရောက်သည်ဟု ယူဆနိုင်ပါသည်။

မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတော်စီမံခန့်ခွဲရေးကောင်စီမှ ဥပဒေဖြင့် ဖမ်းဆီးအရေးယူမှုများရှိသော်လည်း စီးပွားဖြစ် အရင်းအနှီးကြီး လက်ကားကုန်သည်များကို ဖမ်းဆီးအရေးယူခြင်းမျိုးမရှိပါ။ မိမိကိုယ်တိုင်သုံးစွဲကာ လက်လီရောင်းချသူအများစုသာ အချုပ်အနှောင်ခံကြရလေသည်။ မူးယစ်ဆေးဝါးကုန်သည်ကြီးများထံမှ လာဘ်ငွေများလက်ခံယူကာ အကာအကွယ်ပေးထားပြီး တဖက်တွင်အနည်းအကျဉ်းရောင်းချသူများထံမှ ဖမ်းဆီးရမိသောမူးယစ်ဆေးဝါးများကို နိုင်ငံတကာရှေ့မှောက်တွင် ဟန်ပြမီးရှို့ဖျက်ဆီးပြခြင်းလုပ်လေ့ရှိကြပါသည်။

ဘိန်းစိုက်တောင်သူများအတွက် ဘိန်းအစားထိုးသီးနှံစီမံကိန်းကို ကချင်ပြည်နယ်အတွင်း ယခုတိုင် အကောင်အထည်ဖော်ဆောင်ခြင်း မရှိသေးပါ။ သို့သော် ၂၀၁၉ ခုနှစ် မတ်လ ၆ ရက် နေ့တွင် ယခင် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်မှ မိုးညှင်းမြို့တွင် မြို့မိ မြို့ဖ များနှင့်တွေ့ဆုံစဉ် ပြောကြားချက်အရ ကချင်ပြည်နယ်အတွင်းရှိငှက်ပျောစိုက်ပျိုးမှုသည် ဘိန်းအစားထိုးသီးနှံစီမံကိန်း ဖြစ်သည်ဟုသိရသည်။

## ၇။ တရား ဥပဒေ စိုးမိုးမှု

မြန်မာနိုင်ငံအတွင်းတွင် မူးယစ်ဆေးဝါးပြဿနာများကို တရားဥပဒေနည်းလမ်းမှသော်လည်းကောင်း၊ အုပ်ချုပ်ရေးလမ်းကြောင်းမှသော်လည်းကောင်း ထိရောက်စွာ အရေးယူဆောင်ရွက်မှုအလျဉ်းမရှိပဲ ဘိန်း နှင့် မူးယစ်ဆေးဝါးဒါဏ်ကို အလူးအလဲခံစားနေရသည့်ပြည်သူများမှ စုစည်းဖြစ်တည်လာသော Pat Jasan လှုပ်ရှားမှုကိုလည်း အထောက်အကူပြုဖေးမကူညီမှုမရှိသည့်အပြင် အစိုးရလုပ်ပိုင်ခွင့်ကိုထိပါးသည်ဟု ယူဆပြီး လူထု၏ Pat Jasan လှုပ်ရှားမှုကို အပြစ်ရှာဟန့်တားနှောက်ယှက် ပိတ်ပင်ထားသည်။

ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ သယ်ယူဖြန့်ဖြူးခြင်းများတွင် နိုင်ငံတော်စီမံခန့်ခွဲရေး ကောင်စီ အစိုးရဌာနဆိုင်ရာများ၊ မြန်မာ့တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များမှ အခွန်အကောက်၊ လာဘ်ငွေများကောက်ခံရယူပြီး ခွင့်ပြုအကာအကွယ်ပေးထားကြသည့်အတွက် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး တရားဥပဒေစိုးမိုးမှု အင်မတန်အားနည်းလျက်ရှိသည်။ တပ်မတော်မှ နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက်ပိုင်းတွင်မူ တရားဥပဒေစိုးမိုးမှု အလျဉ်းမရှိတော့ပေ။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာ ပပြောက်နိုင်ခြင်းမရှိသည့်အကြောင်းရင်းမှာ မူးယစ်ဆေးဝါးပြဿနာကို ကိုင်တွယ်ဖြေရှင်းရမည့် အစိုးရဌာနဆိုင်ရာအကြီးအကဲများ၊ ရဲတပ်ဖွဲ့ဝင်များ ကိုယ်တိုင် ဥပဒေကိုချိုးဖောက်ခြင်း နောက်ကွယ်မှအားပေးအားမြောက်ပြုကာ အကာအကွယ်ပေးနေသော မြန်မာ့တပ်မတော် ရှိသောကြောင့်ဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံ၏ ဥပဒေများမှာတရား မျှတမှုမရှိပဲ လိုက်နာမည့်သူမရှိသည့်အတွက် အာဏာပိုင်များ၏ကိုယ်ကျိုးစီးပွားအတွက် အလွဲသုံးစားမှုများသာ အများဆုံးဖြစ်သည်ဟု တွေ့ရှိရပါသည်။

မြန်မာ့တပ်မတော်သည် တစ်နိုင်ငံလုံးတွင် BGF နှင့် ပြည်သူ့စစ် တပ်ဖွဲ့ များကို ဖွဲ့စည်းထားကာ မိမိခြေလက် များအဖြစ် ထားရှိသည်။ ထို BGF ပြည်သူ့စစ် အဖွဲ့ အစည်းများအတွက် မြန်မာ့တပ်မတော်နှင့် နိုင်ငံတော် အစိုးရမှ ငွေကြေးဘတ်ဂျက်သတ်မှတ်ထောက်ပံ့ခြင်းမရှိသဖြင့် အဖွဲ့အစည်းများ မိမိခြေထောက်ပေါ် မိမိ ရပ်တည်ကြရလေသည်။ မိမိခြေထောက်ပေါ် မိမိ ရပ်တည်ရုံမျှမကပဲ မြန်မာ့တပ်မတော်ကိုလည်း တံစိုး လက်ဆောင်ပေးကမ်းရသည်ဖြစ်ရာ အချိန်တိုအတွင်း ငွေရလွယ်သောဘိန်းနှင့် မူးယစ်ဆေးဝါးထုတ်လုပ် ဖြန့်ချီခြင်းကို လုပ်ကိုင်ကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံရှိ စစ်အစိုးရမှ ဤသို့ ပြည်သူ့စစ်နှင့် BGF တပ်ဖွဲ့များ၏ တရားမဝင် ဝင်ငွေရှာဖွေခြင်းလမ်းစကို ခွင့်ပြုထားကြောင်း လေ့လာသိရှိရပါသည်။

# ခြုံငုံ သုံးသပ်ချက် နှင့် ကောက်ချက်

ဘိန်းနှင့် မူးယစ်ဆေးဝါးအမျိုးမျိုး အဓိက ထွက်ရှိရာဒေသများမှာ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အထက်ပိုင်း ရှမ်းပြည်နယ်မြောက်ပိုင်းဒေသအတွင်းရှိ BGF နှင့် ပြည်သူ့စစ်အဖွဲ့များ အုပ်ချုပ်ရာ နယ်မြေများ ဖြစ်သည်ကို အထင်အရှားတွေ့ရသည်။ ကချင်ပြည်နယ်အတွင်း မြန်မာ့တပ်မတော် တပ်စခန်းအချို့ အနီးတွင်လည်း ဘိန်းခင်းများရှိနေသည်ကို ထင်ရှားစွာတွေ့မြင်ရသည်။

ပြည်သူ့စစ် နှင့် BGF တပ်ဖွဲ့ များ၏ ပင်မဝင်ငွေလမ်းကြောင်းဖြစ်သော ဘိန်းစိုက်ပျိုးခြင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်း၊ ဖြန့်ချီခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းလုပ်ငန်း အဆင့်ဆင့်တွင် မြန်မာ့တပ်မတော်မှ ခွင့်ပြု အကာအကွယ်ပေးထားသောကြောင့် အဆီးအတားမရှိ လုပ်ဆောင်နေနိုင်ကြခြင်းဖြစ်ကြောင်း သိသာ ထင်ရှားစွာတွေ့ရှိရသည်။

DIFC ၏ ၂၀၁၉-၂၀၂၀ နှင့် ၂၀၂၁-၂၀၂၃ အစီရင်ခံစာများတွင်ပါဝင်သောပြည်သူ့စစ် နှင့် BGF အဖွဲ့ များမှာ ကချင်ပြည်နယ်မှ တန်ဂူးတန် ပြည်သူ့စစ်၊ ရွှေမင်း ပြည်သူ့စစ်၊ ရှမ်းနီ ပြည်သူ့စစ် နှင့် အမှတ် ၁၀၀၂ နှင့် အမှတ် ၁၀၀၃ BGF တပ်ရင်းများ နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ပန်းဆေး၊ လုံထန်၊ ရှောက်ဟော့၊ တာမိုးညဲ၊ နမ့်ဂျောန်၊ မုံးစီး၊ တာဂုံ၊ ကောင်းခါး၊ မုံကိုး၊ ဖေါင်းဆိုင်၊ ကွတ်ခိုင် ပြည်သူ့စစ်အဖွဲ့များ နှင့် ကွမ်လုံ အထူးတိုက်ခိုက်ရေး ရဲတပ်ဖွဲ့တို့ဖြစ်သည်။ ဘိန်းဖြူ ထုတ်လုပ်သည့်လုပ်ငန်း များတွင် မြန်မာ့တပ်မတော် နှင့် ပြည်သူ့စစ် အဖွဲ့အချို့က လာဘ်ငွေလက်ခံရယူပြီး အကာအကွယ်ပေးကာ တရုတ်နိုင်ငံသားလုပ်ငန်းရှင် များက ထုတ်လုပ်ကြခြင်းဖြစ်ကြောင်းသိရသည်။ ဘိန်းဖြူထုတ်လုပ်မှုလုပ်ငန်းများတွင် တိုင်းရင်းသား တော်လှန်ရေးအဖွဲ့အချို့ကလည်း လာဘ်ငွေရယူကာ အကာအကွယ်ပေးခြင်းအားဖြင့် ပါဝင်ပတ်သက် နေကြကြောင်းတွေ့ရှိရသည်။

ဘိန်းဖြူနှင့် မူးယစ်ဆေးဝါးထုတ်လုပ်ရန် ပစ္စည်းကိရိယာများနှင့် ဓါတုကုန်ကြမ်းများကို တရုတ်နိုင်ငံမှ အဓိက တင်သွင်းယူပြီး ထုတ်လုပ်သည့်ပညာရှင်များမှာလည်း တရုတ်နိုင်ငံသားများဖြစ်ကြကြောင်း သိရှိ ရသည်။ ထို့အပြင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသတွင် ထွက်ရှိသောဘိန်းဖြူများကို တရုတ်နိုင်ငံ အတွင်းသို့လည်း ပို့ဆောင်ဖြန်ချီကြကြောင်းလည်း လေ့လာတွေ့ရှိရသည်။

မြန်မာနိုင်ငံတွင် တပ်မတော်မှ နိုင်ငံတော်အာဏာကို သိမ်းယူလိုက်သည့်နောက်ပိုင်း မူးယစ်ဆေးဝါး ထုတ်လုပ်မှု၊ သယ်ယူပို့ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုများ တစ်ရှိန်ထိုးများပြားလာသည်ကိုကြည့်ခြင်း အားဖြင့် မြန်မာ့တပ်မတော်သည် မူးယစ်ဆေးဝါးပြဿနာအားလုံး၏ ဇာစ်မြစ်နှင့် တရားခံ အဖွဲ့အစည်း ဖြစ်သည်။

# အကြံပြု တိုက်တွန်းချက်

သုတေသန လေ့လာတွေ့ရှိချက်များကိုအခြေခံပြီး အောက်ပါအတိုင်း အကြံပြုတိုက်တွန်းအပ်ပါသည်။

၁။ ဘိန်း နှင့် မူးယစ်ဆေးဝါး ပပြောက်ရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာ နိုင်ငံတော်အစိုးရနှင့် တော်လှန်ရေးအဖွဲ့အစည်းတိုင်းတွင် မူးယစ်ဆေးဝါးနှင့် ပတ်သက်ပြီး မူဝါဒအခိုင်အမာ ချမှတ်ထားရန်လိုအပ်ပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် နိုင်မည့် တရားဥပဒေများချမှတ်ကာ အချင်းချင်းလက်တွဲဆောင်ရွက်ရန်လိုအပ်သည်။

၂။ နိုင်ငံတော်အစိုးရနှင့် တော်လှန်ရေးအဖွဲ့အစည်းများအားလုံး မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး တရား ဥပဒေစိုးမိုးမှုကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် မူးယစ်ဆေးဝါးလုပ်ငန်းများမှ လာဘ်ငွေများ လက်ခံရယူနေသော မိမိဝန်ထမ်းများကို ပြင်းထန်စွာအရေးယူရန်လိုအပ်သည်။

၃။ ဘိန်း နှင့် မူးယစ်ဆေးဝါး ပြဿနာအရင်းအမြစ်ဖြစ်သော ပြည်သူ့စစ် နှင့် BGF အဖွဲ့ များကို ဘိန်း နှင့် မူးယစ်ဆေးဝါးထုတ်လုပ်၊ ဖြန့်ဖြူး, ရောင်းချခွင့်ပြုကာ အကာအကွယ်ပေးနေသော မြန်မာ့တပ်မတော်၏ ဥပဒေချိုးဖေါက်သည့် အုပ်ချုပ်မှုများကို လုံးဝဖျက်သိမ်းရမည်။

၄။ လက်ရှိ မြန်မာနိုင်ငံ၏ အသွင်ကူးပြောင်းရေးကာလအတွင်း UNODC အပါအဝင် နိုင်ငံတကာအဖွဲ့ အစည်းများသည် မူးယစ်ဆေးဝါးပပြောက်ရေးကို ကြိုးပမ်းအားထုတ်နေသောတော်လှန်ရေး အဖွဲ့အစည်း များနှင့်လည်း လက်တွဲဆောင်ရွက်ရမည်။

၅။ ပြည်သူလူထုမှ တက်ကြွစွာပါဝင်လှုပ်ရှားနေသော လူထုမူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း များကို ဥပဒေ အကြောင်းပြပြီး ကန့်သတ်ပိတ်ပင်ခြင်း၊ ခြိမ်းခြောက်နှောက်ယှက်ခြင်း မပြုလုပ်ပဲ နည်းမှန် လမ်းမှန် ကူညီထောက်ပံ့ရမည်။

၆။ မူးယစ်အန္တရာယ် ကြိုတင်ကာကွယ်ရှောင်ရှားနိုင်ရန် ကျောင်းသင်ခန်းစာများတွင် ထည့်သွင်းကာ ပညာပေးခြင်းပြုလုပ်ရမည်။

၇။ ဘိန်းအစားထိုးသီးနှံစီမံကိန်းများကို အမှန်တကယ်လိုအပ်လျက်ရှိသော ဒေသများရှိပြည်သူ များအတွက်အကောင်အထည်ဖော်ဆောင်ရွက်ပြီး သီးခြားလွတ်လပ်သော လေ့လာစောင့်ကြည့်ရေး အစီအစဉ်များ ထားရှိ ရမည်။

၈။ မြန်မာနိုင်ငံရှိ မူးယစ်ဆေးဝါးပြဿနာများနှင့် ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့များကို ပြစ်တင်ဝေဖန်မှုများရှိသည်ဖြစ်ရာ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ ပြေလည်မှုရရှိအောင် အမြန်ဆုံးဆွေးနွေးအဖြေရှာရမည်။

၉။ မြန်မာနိုင်ငံအတွင်းမှ မူးယစ်ဆေးဝါးထုတ်လုပ်မှု ဓာတုကုန်ကြမ်းများမှာ တရုတ်နိုင်ငံမှ အဓိကဝင်ရောက်သည်သာမက ပညာရှင်အများစုမှာလည်းတရုတ်နိုင်ငံသားများဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် တရုတ်နိုင်ငံအစိုးရအနေဖြင့် မူးယစ်ဆေးဝါး နှိမ်နှင်းရေးလုပ်ငန်း များတွင် တိုင်းရင်းသားတော်လှန်ရေး အဖွဲ့အစည်းများနှင့် လက်တွဲကာ အထောက်အကူ ပြုသင့်သည်။

**DRUG ISSUES FACT-FINDING COMMISSION**

KACHIN AND KACHIN SUB-STATE REPORT 2022-2023

**DRUG ERADICATION COMMITTEE, KIO**

Contact No : +86 159 6923 6886

Email : ginjawpatjasan@gmail.com